# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၂၅)၊ ၁၃၈၆ ခုနှစ် ၊ တန်ခူးလဆန်း ၆ ရက် ၊ ၃–၄–၂၀၂၅၊ ကြာသပတေးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆဋ္ဌမအကြိမ်မြောက် BIMSTEC ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ သွားရောက်မည်

နေပြည်တော် ဧပြီ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဆဋ္ဌမအကြိမ်မြောက် BIMSTEC ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ဧပြီ ၃ ရက်တွင် ထိုင်းနိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး ဧပြီလ ၃ ရက်နေ့နှင့် ၄ ရက်နေ့တို့တွင် အစည်းအဝေး တက်ရောက်သွားမည်ဖြစ်သည်။

ခရီးစဉ်အတွင်း အစည်းအဝေးသို့ တက်ရောက်လာကြသည့် အစိုးရအဖွဲ့အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေး၍ မြန်မာနိုင်ငံတွင် ငလျင်သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်ကြုံတွေ့နေရသည့် အခြေအနေများ၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအား ဆွေးနွေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E.Mr. Yohei SASAKAWA က လာရောက်တွေ့ဆုံ

## ငလျင်ဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးအထောက်အကူပြု ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H. E. Mr.Yohei SASAKAWA က နေပြည်တော်ရှိ တပ်မတော်ဧည့်ရိပ်သာ၌ လာရောက်တွေ့ဆုံပြီး ငလျင်ဘေးဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

### လက်ခံရယူ

ဦးစွာ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ငလျင်သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့်

စာမျက်နှာ ၃ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံအမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E.Mr.Yohei SASAKAWA က မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ငလျင်သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကယ်ဆယ်ရေးပစ္စည်း ၁၄ မျိုးပါ ကျောပိုးအိတ် ပေးအပ်လှူဒါန်းစဉ်။



၂၀၂၅ ခုနှစ် ၊ ဧပြီ ၃ ရက်၊ ကြာသပတေးနေ့။

မန္တလေး

# အတာကူးသည့် တန်ခူးလ

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများနှင့်ဆက်နွှယ်၍ တစ်ဆယ့်နှစ်လ ရာသီပွဲတော်များ ကျင်းပလျက်ရှိသည်။ ရာသီပွဲတော်များသည်လည်း သူ့လနှင့် သူ့အလုများ ဝေဆာလျက်ရှိသည်။ မြန်မာတို့၏ အတာသင်္ကြန်ပွဲတော်သည် နှစ်ဦးတန်ခူးလတွင် ကျင်းပလေ့ရှိသည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းသည့် အချိန်အခါသမယလည်းဖြစ်သည်။ အတာကူးသည့် တန်ခူးလအချိန်အခါသည် နွေရာသီအခါသမယလည်းဖြစ်သည်။

"လတန်ခူးပေမို့၊ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့၊ ခိုင်ရွှေဝါ" ဟူသော စာဆိုနှင့်အညီ သင်္ကြန်နှင့်ပိတောက်၊ ပိတောက်နှင့် သင်္ကြန်သည် ခွဲခြားမရနိုင်သကဲ့သို့ ခါတော်မီသင်္ကြန်ချိန်တွင် ပင်ထက်၌ ဝင်းဝါအလှထူးစွာဖူးပွင့်နေသည်။ ပိတောက်ပန်းရနံ့တို့သည် သင်းပျံ့နေသည်မှာ သင်္ကြန်မောင်မယ်တို့၏ ရင်ကို အေးမြရွှင်လန်းစေသည်။ ထို့အပြင် အပူဒဏ်ကိုမမှုသည့် ငု၊ ပိတောက်၊ စိန်ပန်းစသည့် ရောင်စုံပန်းကလေးများသည် နွေ၏ ပန်းချီကားသဖွယ် အသက်ဝင်လာသည်။ အလားတူ သရဖီ၊ အင်ကြင်း၊ ကံ့ကော်ပန်းများကလည်း သင်္ကြန်မိုးနှင့်အတူ အစွမ်းကုန် နွေ၏အလှကို တန်ဆာဆင်လျက်ရှိသည်။

မြန်မာတို့သည် ရာသီအလိုက်ပွဲတော်များကို ယဉ်ကျေးမှုဓလေ့ထုံးစံမပျက် ပျော်ရွှင်မှုရသ ပေးစွမ်းနိုင်အောင်လည်း ဖန်တီးလေ့ရှိကြသည်။ နှစ်သစ်အခါသမယ တန်ခူးချိန်ခါတွင် သင်္ကြန်ပွဲတော်ကို ရှေးယခင် ကပိလဝတ်ပြည် သာကီဝင်မင်းများက စတင်ခဲ့ကြသည်။ မြန်မာမင်းများလက်ထက်တွင် ပုဂံပြည် နရသီဟပတေ့မင်းလက်ထက်တော်တွင် မြစ်ဆိပ်၌ တဲနန်းများဆောက်ကာ ရေကစားခဲ့ကြသည်။ တောင်ငူခေတ်တွင်လည်း သင်္ကြန်ပွဲတော်ကို ဆင်နွှဲခဲ့ကြသည်။ မင်းတုန်းမင်းလက်ထက်တွင် မင်းမိဖုရား၊ မင်းညီ၊ မင်းသားတို့နှင့်အတူ သင်္ကြန်ပွဲတော်ကို ကျင်းပခဲ့သည်။

သင်္ကြန်နှစ်ကူး အတာပွဲတော်တွင် မြန်မာတို့သည် သန့်စင်ကြည်လင်အေးမြသော သီတာရေစင်ဖြင့် ပက်ဖျန်းသွန်းလောင်းကြသည်။ ငွေဖလားတွင် နံ့သာထည့်ကာ သပြေခက်ဖြင့် ရေးအစဉ်အလာမပျက် သိမ်မွေ့စွာပက်ဖျန်းသကဲ့သို့ ခေတ်နှင့်အညီ ရေကစားကြခြင်းဖြင့် နှစ်ဟောင်းမှအညစ်အကြေးများကို ဆေးကြောသန့်စင်ကာ နှစ်သစ်တွင်အေးမြသည့် နိမိတ်ကောင်းများကို ရယူကြသည်။

ယခုနှစ်သင်္ကြန်ကို ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသော သင်္ကြန်အဖြစ် ကျင်းပသွားမည်ဖြစ်သည်။ လက်ရှိကြုံတွေ့နေရသော ပြင်းထန်သည့် ငလျင်ဘေးအန္တရာယ်ကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့အတွင်း၌ ပြည်သူအချို့ သေဆုံးဒဏ်ရာရ ထိခိုက်နစ်နာဆုံးရှုံးမှုများ ကြုံတွေ့နေရပါသည်။ ထို့ကြောင့် တစ်နိုင်ငံလုံး ဝမ်းနည်းကြေကွဲနေရသော ကာလဖြစ်ပါသဖြင့် ယခုနှစ်မြန်မာ့ရိုးရာသင်္ကြန်ကို အပျော်အပါးသီဆိုကခုန်မှုများ မပါဝင်ဘဲ ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသော သင်္ကြန်အဖြစ် ကျင်းပသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ အတာကူးသည့်တန်ခူးလတွင် လက်ရှိကြုံတွေ့နေရသော ပြင်းထန်သည့် ငလျင်ဘေးအန္တရာယ်ကြောင့် သင်္ကြန်ကို ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသော သင်္ကြန်အဖြစ် ကျင်းပသွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးနန်းမြို့ရိုးအတွင်းရှိ ပဟိုရ်စင်နှင့် စွယ်တော်စင် ပျက်စီးမှုများကို ရှင်းလင်းဆောင်ရွက်



**မန္တလေး ဧပြီ ၂**

မတ် ၂၈ ရက်က လှုပ်ရှားခဲ့သည့် ငလျင်ဒဏ်ကြောင့် မန္တလေးနန်းမြို့ရိုးအတွင်းရှိ ပဟိုရ်စင်နှင့် စွယ်တော်စင် ပျက်စီးမှုများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်များက ဧပြီ ၂ ရက်တွင် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ရှင်းလင်းရေးလုပ်ငန်းများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)ညွှန်ကြားရေးမှူးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်ကြီး အောင်ဇင်ဟိန်းတို့ ဦးဆောင်၍ အရာရှိစစ်သည်အင်အား ၅၀ ဦးနှင့် ထပ်မံဖြည့်ဆည်းသည့် အင်အား ၁၂၀ ဦး၊ စုစုပေါင်း ၁၇၀ ဦးဖြင့် ပေါင်းစပ်ဆောင်ရွက်ခဲ့ကြသည်။

"အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ရေး/သုတို့ ပေါင်းစပ်ပြီး ပျက်စီးခဲ့တဲ့ အပျက်အစီးတွေကို ဖယ်ရှားရှင်းလင်းရေး ဆောင်ရွက်ပါတယ်။ ပထမတော့ အင်အား ၅၀ နဲ့ဆောင်ရွက်ပြီး လိုအပ်ချက်အရ ၁၂၀ ထပ်မံဖြည့်ဆည်းဆောင်ရွက်တာကြောင့် အင်အား ၁၇၀ ပါ" ဟု ရေး/သုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဖယ်ရှားရှင်းလင်းရေးဆောင်ရွက်ရာတွင် လူအင်အားဖြင့် ဆောင်ရွက်၍ မရနိုင်သည့် ရှေးဟောင်းမဟုတ်သော အစိတ်အပိုင်းများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ စက်ယန္တရားများနှင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် ရှေးဟောင်းအဆောက်အအုံများကို ထိခိုက်ပျက်စီးမှုနည်းပါးစေရန် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၉)**

## ငလျင်ဒဏ်သင့် ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဧပြီ ၂**



မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ၄၂(A)နှင့် ၈၂လမ်းထောင့်တွင်လည်းကောင်း၊ အမရပူရမြို့နယ်၊ နန်းရတနာဈေးတွင်လည်းကောင်း ရောင်းချပေးခဲ့သည်။ **(အပေါ်ယာပုံ)**

ထိုသို့ရောင်းချပေးမည့် အစီအစဉ်များကို နံနက် ၈နာရီမှ စတင်ပြီး ဧပြီ ၃ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ၁၈ လမ်းနှင့် ၁၉လမ်းကြား၊ ၈၆လမ်းတွင်လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ ၅၇လမ်း၊ ၁၁၃ လမ်းနှင့် ၁၁၃(A)လမ်းကြားတွင်လည်းကောင်း၊ ဧပြီ ၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ၃၂လမ်းနှင့် ၇၆လမ်းတွင်လည်းကောင်း ရောင်းချပေးမည်ဖြစ်ပြီး ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E.Mr.Yohei SASAKAWA အား လက်ခံတွေ့ဆုံစဉ်။

✪ ရှေ့ဖုံးမှ

ကယ်ဆယ်ရေးပစ္စည်း ၁၄ မျိုးပါ ကျောပိုးအိတ် အလုံး ၅၀၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းဦးထုပ် အလုံး ၆၀ နှင့် လက်အိတ် တစ်ဖာတို့ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌတို့သည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် ငလျင်သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရမှု အခြေအနေများ၊ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပေးခဲ့မှုနှင့် ကူညီကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးပို့ပေးခဲ့သည့် အခြေအနေများ၊ နိုင်ငံတကာမှ လာရောက်ကူညီကြသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့်အတူ ကူညီကယ်ဆယ်မှုများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံအမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ငလျင်သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ လာရောက်ပေးအပ်လှူဒါန်းခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိသည့် အခြေအနေများ၊ နိပ္ပွန်ဖောင်ဒေးရှင်းအနေဖြင့် အမေရိကန်ဒေါ်လာ သုံးသန်းနှင့်ညီမျှသည့် စားနပ်ရိက္ခာများအပါအဝင် အခြားလိုအပ်သည့် ထောက်ပံ့ပစ္စည်းများအား ငလျင်ဒဏ်ခံစားနေရသော ပြည်သူများထံသို့ လှူဒါန်းသွားမည်ဖြစ်သည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## ○ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌအနေဖြင့် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် ငလျင်သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ လာရောက်ပေးအပ်လှူဒါန်းခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E.Mr.Yohei SASAKAWA က မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ငလျင်သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းဦးထုပ် ပေးအပ်လှူဒါန်းစဉ်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ငလျင်သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် နိပ္ပွန်ဖောင်ဒေးရှင်းက လှူဒါန်းသည့် ကူညီကယ်ဆယ်ရေးနှင့် အထောက်အကူပြုပစ္စည်းများကို တွေ့ရစဉ်။

# မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့် ပတ်သက်၍ နိုင်ငံတကာမှ ခေါင်းဆောင်များ၊ အကြီးအကဲများ၊ ဘာသာရေးအသင်းအဖွဲ့အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့

နေပြည်တော် ဧပြီ ၂

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် နိုင်ငံတကာမှ ခေါင်းဆောင်များ၊ အကြီးအကဲများ၊ ဘာသာရေး အသင်းအဖွဲ့အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့ကြသည်။

အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမီရ်ပူတင်ကလည်းကောင်း၊ ဘယ်လာရုစ်နိုင်ငံသမ္မတ မစ္စတာ အလက်ဇန်းဒရာ လူကာရှန်းကာကလည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr.Sonexay Siphandone ကလည်းကောင်း၊ တာခ်မင်နစ္စတန်နိုင်ငံ သမ္မတ H.E Mr. Serdar Berdimuhamedov ကလည်းကောင်း၊ ဆေးရှဲလ်သမ္မတနိုင်ငံ သမ္မတ Mr. Wavel Ramkalawan ကလည်းကောင်း၊ အာရှငြိမ်းချမ်းရေးနှင့် စေ့စပ်ညှိနှိုင်းရေးကောင်စီ၊ ဥက္ကဋ္ဌ Prof. Dr. Surakiart Sathirathai ကလည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဒီမီထရီ မက်ဗီဒက်ဗ်ကလည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ခရိုင်အုပ်ချုပ်ရေးမှူး Mr. A.A. Travnikov ကလည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရား ပြည်နယ်အကြီးအကဲ Mr. Alexey Tsydenov ကလည်းကောင်း၊ ဂျပန်နိုင်ငံ၊ ဂျပန်-မြန်မာယဉ်ကျေးမှု၊ စက်မှုမြှင့်တင်ရေးအသင်း၊ ဂုဏ်ထူးဆောင်အကြံပေး ဟီရိုမီချီ ဝါတာ နာဘေ ကလည်းကောင်း၊ အရှေ့တောင်အာရှ Patriarchal Exarchate ၏ ဘုန်းတော်ကြီး Sergiy တို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

အဆိုပါသဝဏ်လွှာများတွင် မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်သည့်ငလျင်ဒဏ်ခံစားခဲ့ရပြီး အသက်အိုးအိမ်စည်းစိမ် အများအပြားထိခိုက်ဆုံးရှုံးရသည်ကို သိရှိရသည့်အတွက် များစွာဝမ်းနည်းမိပါကြောင်း၊ နောက်ဆက်တွဲ ဝမ်းနည်းဖွယ်ရာဖြစ်ရပ်များကြောင့် မိမိအနေဖြင့် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ ရုရှားပြည်သူများသည် ဖော်ရွေသောမြန်မာပြည်သူများနှင့် ထပ်တူထပ်မျှဝမ်းနည်းရပါကြောင်း၊ ချစ်ခင်သူများ ဆုံးရှုံးခဲ့ရသည့် မိသားစုဝင်များကို စာနာနားလည်ပါကြောင်းနှင့် သဘာဝဘေးဒဏ်ကြောင့် ထိခိုက်သူများအားလုံးကို အမြန်ဆုံးပြန်လည်ကောင်းမွန်လာစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်၊ မြန်မာနိုင်ငံအစိုးရနှင့် မြန်မာပြည်သူများ အထူးသဖြင့် ကျန်ရစ်သူမိသားစုများအား များစွာဝမ်းနည်းကြေကွဲကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ပြင်းထန်သောငလျင်လှုပ်ခတ်မှုကြောင့် ပြည်သူပေါင်းများစွာ ထိခိုက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် မိမိအနေဖြင့် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ မြန်မာပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေခဲ့သည့် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်သွားခဲ့သော ပြင်းထန်သည့် ငလျင်သတင်းအား ကြားသိရသည့်အတွက် များစွာဝမ်းနည်းကြေကွဲရပါကြောင်း၊ မြန်မာပြည်သူများ၏ဘဝ အမြန်ဆုံး ပြန်လည်ထူထောင်နိုင်ရန် မျှော်လင့်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်သောငလျင်လှုပ်ခတ်ခဲ့သည့် သတင်းကြောင့် များစွာအံ့သြစိတ်မကောင်းဖြစ်ရပါကြောင်း၊ ယခုကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော ကပ်ဘေးဒုက္ခတွင် မိသားစုများ၊ မိတ်ဆွေများ ဆုံးရှုံးခဲ့ရသည့် မြန်မာပြည်သူများအားလုံးကို မိမိ၏အလေးအနက်စိတ်မကောင်းမှုအား ဖော်ပြအပ်ပါကြောင်း၊ မိမိနှင့် အရှေ့တောင်အာရှ၏ အော်သိုဒေါ့ခရစ်ယာန်အသင်းတော် (Patriarchal Exarchate) ကိုယ်စား မြန်မာပြည်သူများအားလုံးနှင့် အဆွေတော်အား ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်းတို့ဖြင့် ဝမ်းနည်းစိတ်မကောင်းမှုများကို အသီးသီးဖော်ပြထားကြကြောင်း သိရသည်။

သတင်းစဉ်

---

လေးစားအပ်ပါသော ဝန်ကြီးချုပ်ခင်ဗျား၊

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လှုပ်ခတ်ခဲ့သောငလျင်၏ နောက်ဆက်တွဲဝမ်းနည်းဖွယ်ရာဖြစ်ရပ်များကြောင့် မိမိအနေဖြင့် များစွာစိတ်မကောင်းဖြစ်ရပါသည်။

ရုရှားပြည်သူများသည် ဖော်ရွေသောမြန်မာပြည်သူများနှင့် ထပ်တူထပ်မျှဝမ်းနည်းရပါသည်။ ငလျင်ဒဏ်ကြောင့် ချစ်ခင်ရသူများဆုံးရှုံးခဲ့ရသည့် မိသားစုဝင်များကို စာနာနားလည်ပါကြောင်းနှင့် သဘာဝဘေးဒဏ်ကြောင့် ထိခိုက်သူများအားလုံးကို အမြန်ဆုံးပြန်လည်ကောင်းမွန်လာပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လေးစားစွာဖြင့်

ဗီ ပူတင်

---

မင့်၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်

အဆွေတော်

လူအများအပြားသေဆုံးခဲ့ပြီး ပစ္စည်းအများအပြား ပျက်စီးဆုံးရှုံးမှုကို ဖြစ်ပေါ်စေခဲ့သော မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် ငလျင်ဖြစ်ပွားမှုကို ဘယ်လာရုစ်နိုင်ငံက ကြားသိရသည့်အတွက် အလွန်ပင်ဝမ်းနည်းမိပါသည်။

မိမိနှင့် မိမိ၏လုပ်ဖော်ကိုင်ဖက်များကိုယ်စား အဆွေတော်၊ သဘာဝဘေးအန္တရာယ် ငလျင်ဒဏ်ခံစားရသည့် ပြည်သူများ၏ မိသားစုများနှင့် သက်ရှင်ကျန်ရစ်သူများကို စာနာထောက်ထားကြောင်း ဖော်ပြလိုပါသည်။

ယခုကဲ့သို့ ခက်ခဲသည့်အချိန်ကာလတွင် မြန်မာနိုင်ငံခေါင်းဆောင်များ၊ မြန်မာပြည်သူများနှင့် အတူတကွရှိနေပြီး ထိခိုက်ဒဏ်ရာရရှိသူများ ဆောလျင်စွာ ပြန်လည်ကျန်းမာလာစေရေးနှင့် တည်ငြိမ်မှုများရရှိစေရေးတို့အတွက် ဆုတောင်းမေတ္တာပို့သလျက်ရှိပါသည်။

အလက်ဇန်းဒရာ လူကာရှန်းကာ

---

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ဝန်ကြီးချုပ်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

မြန်မာနိုင်ငံတွင် ၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမြေငလျင်ဒဏ်ကြောင့် မြန်မာပြည်သူများ အသက်ဆုံးရှုံးမှုများနှင့် ပစ္စည်းဥစ္စာပျက်စီးမှုများအတွက် ဝမ်းနည်းစွာဖြင့် ကြားသိရပါသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်၊ မြန်မာနိုင်ငံအစိုးရနှင့် မြန်မာပြည်သူများ အထူးသဖြင့် ကျန်ရစ်သူမိသားစုများအား များစွာဝမ်းနည်းကြေကွဲကြောင်း ဖော်ပြလိုပါသည်။

အဆွေတော်နှင့် မြန်မာနိုင်ငံအစိုးရ၏ စွမ်းစွမ်းတမံဦးဆောင်မှုအောက်တွင် မြန်မာပြည်သူများအနေဖြင့် ယခုအခက်အခဲဆုံးအချိန်ကို ကျော်လွှားနိုင်မည်ဖြစ်ပြီး ငလျင်ဘေးသင့်နေရာများ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဆုံဆိုင်းစီဖန်ဒုံ
ဝန်ကြီးချုပ်
လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

---

လေးစားအပ်ပါသော ဗိုလ်ချုပ်မှူးကြီးခင်ဗျား

မြန်မာနိုင်ငံအလယ်ပိုင်းတွင် ပြင်းထန်သော ငလျင်လှုပ်ရှားမှုကြောင့် ပြည်သူပေါင်းများစွာ ထိခိုက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် မိမိအနေဖြင့် များစွာစိတ်မကောင်းဖြစ်ရပါကြောင်းကို ပြောကြားလိုပါသည်။

ယခုကဲ့သို့အခက်အခဲဆုံးအချိန်တွင် တာခ်မင်နစ္စတန်ပြည်သူများနှင့်အစိုးရသည် ငလျင်ဒဏ်သင့်ခံရသော မိသားစုဝင်များနှင့် ငလျင်ဒဏ်ကြောင့် ချစ်ခင်သူများသေဆုံးခဲ့ရသည့် မိသားစုများအပေါ် စာနာထောက်ထားပါကြောင်းကို ဖော်ပြအပ်ပြီး အတူတကွရပ်တည်လျက်ရှိကြောင်းနှင့် ထိခိုက်ဒဏ်ရာရသူများ အမြန်ဆုံးပြန်လည်ကောင်းမွန်ရေးအတွက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အစဉ်အမြဲ ချစ်ကြည်လေးစားလျက်ရှိပါသည်။

ဆန်ဒါ ဘာဒီမူ့ဟန်မီဒို
သမ္မတ
တာခ်မင်နစ္စတန်နိုင်ငံ

---

လေးစားအပ်ပါသော ဗိုလ်ချုပ်မှူးကြီးခင်ဗျား

မြန်မာနိုင်ငံ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ပြင်းထန်သော ငလျင်လှုပ်ရှားမှုကြောင့် လူပေါင်းများစွာသေဆုံးမှုများနှင့် အပျက်အစီးများအတွက် မိမိအနေဖြင့် များစွာစိတ်မကောင်းဖြစ်မိရပါသည်။

ငလျင်ဒဏ်ခံစားခဲ့ရသည့် မိသားစုဝင်များနှင့် ငလျင်ဒဏ်ကြောင့် ချစ်ခင်သူများဆုံးရှုံးခဲ့ရသည့် မိသားစုများအပေါ် စာနာသက်ညှာမှုကိုဖော်ပြအပ်ပြီး ထိခိုက်ဒဏ်ရာရသူများ အမြန်ဆုံးပြန်လည်ကောင်းမွန်ရေးအတွက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဒီ.ကေ. မက်ဗီဒက်
ဒုတိယဥက္ကဋ္ဌ
လုံခြုံရေးကောင်စီ
ရုရှားဖက်ဒရေးရှင်း

---

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်

အဆွေတော်

မြန်မာပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေခဲ့သည့် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် လှုပ်ခတ်သွားခဲ့သော ပြင်းထန်သည့်ငလျင်သတင်းအား ကြားသိရသည့်အတွက် များစွာ ဝမ်းနည်းကြေကွဲရပါသည်။

ဆေးရှဲလ်သမ္မတနိုင်ငံ၊ အစိုးရနှင့် ပြည်သူများကိုယ်စား မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများကို ဝမ်းနည်းဖွယ်ဖြစ်ရပ်ကြောင့် ထိခိုက်ခံစားရသူများနှင့် ဝမ်းနည်းပူဆွေးနေသော မိသားစုများအား ဝမ်းနည်းကြောင်းဖော်ပြလိုပါသည်။

ယခုလိုခက်ခဲသည့်အချိန်ကာလတွင် မြန်မာပြည်သူများနှင့်အတူ မိမိတို့ အတူတကွဆုတောင်းမေတ္တာပို့သလျက်ရှိပါသည်။

အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မစ္စတာ ရေဗယ် ဝရမ်ကာလဝမ်
သမ္မတ
ဆေးရှဲလ်သမ္မတနိုင်ငံ

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

အာရှငြိမ်းချမ်းရေးနှင့် စေ့စပ်ညှိနှိုင်းရေးကောင်စီ

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်

အဆွေတော် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

မြန်မာနိုင်ငံရှိ နေရာအနှံ့အပြားတွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဒဏ်ကြောင့် အသက်ပေါင်းများစွာ ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့ရပြီး ပြင်းထန်သော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ရခြင်းအပေါ် မိမိတို့အနေဖြင့် စိုးရိမ်ပူပန်မိပါကြောင်းနှင့် စိတ်ထိခိုက်ဝမ်းနည်းကြောင်း ပြောကြားလိုပါသည်။

ယခုကဲ့သို့ ခက်ခဲသောအချိန်တွင် မြန်မာပြည်သူများ အထူးသဖြင့် ကျန်ရစ်သူမိသားစုများအတွက် မိမိတို့မှ ဆုတောင်းမေတ္တာပို့သလျက်ရှိပါကြောင်း ဖော်ပြလိုပါသည်။ ဤကြေကွဲဖွယ်ဖြစ်ရပ်အပြီးတွင် အရေးပေါ်လူသားချင်းစာနာထောက်ထားမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတကာအကူအညီများကို ဆောလျင်စွာ စုစည်းပေးအပ်နိုင်လိမ့်မည်ဟု မြန်မာပြည်သူများနှင့်အတူ မိမိတို့မျှော်လင့်ပါသည်။

ပရော်ဖက်ဆာ ဒေါက်တာ ဆူရာကီရတ်
ဆာထိရာထိုင်း
အာရှငြိမ်းချမ်းရေးနှင့် စေ့စပ်ညှိနှိုင်းရေးကောင်စီ
ယခင် ဒုတိယဝန်ကြီးချုပ်နှင့်
ယခင် ထိုင်းနိုင်ငံခြားရေးဝန်ကြီး

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်

လေးစားအပ်ပါသော ဝန်ကြီးချုပ်ခင်ဗျား

အဆွေတော်တို့နိုင်ငံကို ထိခိုက်စေခဲ့သည့် ပြင်းထန်သောငလျင်လှုပ်ခတ်ခဲ့သည့် သတင်းအားကြားသိရသည့်အတွက် ဝမ်းနည်းရပါသည်။ ယခုကဲ့သို့ ခက်ခဲသောအချိန်ကာလတွင် ခင်မင်ရင်းနှီးဖွယ်ကောင်းသော မြန်မာလူမျိုးများနှင့် အဆွေတော်အား စာနာထောက်ထားပါကြောင်း ဖော်ပြလိုပါသည်။

အသက်ဆုံးရှုံးခဲ့သောပြည်သူများ ကောင်းရာမွန်ရာသို့ ရောက်ရှိပါစေကြောင်းနှင့် ထိခိုက်ဒဏ်ရာရသူများလည်း အမြန်ဆုံးသက်သာပျောက်ကင်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိတို့အနေဖြင့် အဆွေတော်တို့နှင့်အတူ ရပ်တည်လျက်ရှိပြီး အဆိုပါဝမ်းနည်းဖွယ်ဖြစ်ရပ်မှ ပြန်လည်ကောင်းမွန်လာစေရေး၊ ကျော်လွှားနိုင်ရေးအတွက် ကူညီရန်အသင့်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မစ္စတာ တရော့ဗနီကော့ဗ် အန်ဒရေ
အုပ်ချုပ်ရေးမှူး
နီဗိုစီဗစ်ဒေသ

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဆွေတော်

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် မြန်မာနိုင်ငံနေရာအနှံ့အပြား၌ လှုပ်ခတ်ခဲ့သော ပြင်းထန်မြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှု များစွာဖြစ်ပေါ်စေခဲ့သည့်အတွက် မိမိအနေဖြင့် စာနာထောက်ထားပါကြောင်းနှင့် များစွာဝမ်းနည်းကြေကွဲမိပါကြောင်း ဖော်ပြအပ်ပါသည်။

မိမိတို့အဖွဲ့အစည်းအနေဖြင့် ဂျပန်နိုင်ငံအစိုးရထံသို့ စာနာထောက်ထားမှုနှင့် လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့များ ဆောလျင်စွာပေးအပ်နိုင်ရေး မေတ္တာရပ်ခံထားရှိပါသည်။ မြန်မာပြည်သူများ၏ဘဝ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရန် မျှော်လင့်လျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

လေးစားလျက်

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်

ဂျပန်-မြန်မာ ယဉ်ကျေးမှု၊ စက်မှုမြှင့်တင်ရေးအသင်း
ဟီရိုမီချီ ဝါတာနာဘေ၊ ဂုဏ်ထူးဆောင်အကြံပေး
ဖူမီအို အူဆူအီ၊ ဥက္ကဋ္ဌ
နာအိုဟီကို တကာခု၊ ညွှန်ကြားရေးမှူး

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လေးစားအပ်ပါသော အဆွေတော်

မိမိနှင့် ဘုရားတီးရားပြည်နယ် ပြည်သူများကိုယ်စား ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဖြစ်ပွားခဲ့သည့် ငလျင်ဒဏ်ကြောင့် ဝမ်းနည်းဖွယ်ရာဖြစ်ရပ်များ ကြုံတွေ့ခဲ့ရခြင်းအပေါ် အထူးဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။

ဘုရားတီးရားပြည်နယ်နှင့် မြန်မာနိုင်ငံ ဒေသများအကြား ကာလရှည်ကြာစွာရှိသည့် ဆက်ဆံရေးမှာ နှစ်ဖက်အပြန်အလှန်နားလည်မှုနှင့် လေးစားမှုအပေါ် အခြေခံပါသည်။ မိမိတို့အချင်းချင်း ထိတွေ့မှုများမှတစ်ဆင့်ရရှိသည့် ပွင့်လင်းပြီးအပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုအခြေအနေအား အသိအမှတ်ပြုပါသည်။

ကွယ်လွန်သူများ၏ ကောင်းမွန်သည့်အမှတ်တရဖြစ်စဉ်များသည် ရုရှားနှင့် မြန်မာပြည်သူများကို စည်းလုံးညီညွတ်မှု၊ ရဲစွမ်းသတ္တိရှိမှုနှင့် ခွန်အားဖြစ်စေမည်ဖြစ်ပါသည်။

မိမိတို့၏ စည်းလုံးညီညွတ်မှုနှင့် အားပေးထောက်ခံမှုများကို ပေးအပ်လိုပြီး ယခုကဲ့သို့ ခက်ခဲသောအချိန်ကာလတွင် မိမိတို့မှာ အဆွေတော်တို့နှင့်အတူတကွရှိနေပါကြောင်း ဖော်ပြအပ်ပါသည်။

မစ္စတာ အလက်စီ စီဂျယ်နော့ဗ်
ဘုရားတီးရားပြည်နယ်အကြီးအကဲ

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

လေးစားအပ်ပါသော အဆွေတော်ဝန်ကြီးချုပ်

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် ပြင်းထန်သောငလျင်လှုပ်ခတ်ခဲ့သည့်သတင်းကြောင့် များစွာအံ့ဩစိတ်မကောင်းဖြစ်ရပါသည်။ ယခုကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော ကပ်ဘေးဒုက္ခတွင် မိသားစုများ၊ မိတ်ဆွေများ ဆုံးရှုံးခဲ့ရသည့် မြန်မာပြည်သူများအားလုံးကို မိမိ၏အလေးအနက်စိတ်မကောင်းမှုအား ဖော်ပြအပ်ပါသည်။ မိမိနှင့် အရှေ့တောင်အာရှ၏ အော်သိုဒေါ့ခရစ်ယာန်အသင်းတော်(Patriarchal Exarchate)ကိုယ်စား မြန်မာပြည်သူများအားလုံးနှင့် အဆွေတော်အား ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ထိခိုက်ဒဏ်ရာရသူများ ဆောလျင်စွာ ပြန်လည်ကောင်းမွန်ပါစေကြောင်းနှင့် သဘာဝဘေးအန္တရာယ်အလွန်ကာလအခြေအနေများကို ကောင်းမွန်စွာကျော်လွှားရန် ခွန်အားများရရှိပါစေကြောင်း ဖော်ပြအပ်ပါသည်။

ဘုန်းတော်ကြီး ဆာဂျီ
အရှေ့တောင်အာရှ သင်းအုပ်ဆရာတော်

## ဇေယျာသီရိမြို့နယ်၌ အင်အားပြင်းမြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးမှုများအား ဌာနဆိုင်ရာများ စုပေါင်းရှင်းလင်းခြင်းများဆောင်ရွက်

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်း ငလျင်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများနှင့် အန္တရာယ်ရှိအဆောက်အအုံများ ဖြိုချခြင်းကို ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ဇေယျာသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်နှင့် အဖွဲ့ဝင်များ ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ ပရဟိတအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက အင်အားပြင်း ငလျင်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ လူနေအိမ်များမှ အပျက်အစီးများ ဖယ်ရှား ရှင်းလင်းခြင်းနှင့် အင်အားပြင်း ငလျင်ကြောင့် ရေဆင်းကျေးရွာရှိ ပြိုကျပျက်စီးခဲ့သည့် ရွာလယ်ဓမ္မာရုံအား အန္တရာယ်ရှိသည့်အတွက် ဖြိုချခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**

## ယခုနှစ်သင်္ကြန်ကို ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသောသင်္ကြန်အဖြစ် ကျင်းပသွားမည်

နေပြည်တော် ဧပြီ ၂

လက်ရှိကြုံတွေ့နေရသော ပြင်းထန်သည့်ငလျင်ဘေးအန္တရာယ်ကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်း၌ ပြည်သူအချို့ သေဆုံးဒဏ်ရာရ ထိခိုက်နစ်နာဆုံးရှုံးမှုများ ကြုံတွေ့နေရပါသည်။

ထို့ကြောင့် တစ်နိုင်ငံလုံး ဝမ်းနည်းကြေကွဲနေရသောကာလဖြစ်ပါသဖြင့် ယခုနှစ်မြန်မာ့ရိုးရာသင်္ကြန်ကို အပျော်အပါးသီဆိုကခုန်မှုများမပါဝင်ဘဲ ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသော သင်္ကြန်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်






အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခင်းကျင်းပြသထားသော နိုင်ငံတကာမှ လှူဒါန်းထားသည့် ပစ္စည်းများအား ကြည့်ရှုစဉ်။

*** နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတကာကို ဖိတ်ခေါ်ဆောင်ရွက်မှုများကြောင့် နိုင်ငံတကာမှ အသုံးပြုသည့် နောက်ဆုံးပေါ်ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ထိတွေ့ခွင့်ရရှိပြီး နည်းပညာ အသုံးချမှုများနှင့် အဆင့်မြင့်နည်းပညာသုံးပစ္စည်းများ၏ စွမ်းပကားများကို တစ်ဖက်မှလည်း လေ့လာခွင့်ရခဲ့**

*** ယင်းသည် အဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံကောင်းများဖြစ်ပါကြောင်း၊ နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဒုက္ခရောက်နေသည့် နိုင်ငံသား များအနေဖြင့် အသက်ရှင်ခွင့်ရသလို ပြည်တွင်းမှ ကယ်ဆယ်ရေးအဖွဲ့များအနေဖြင့်လည်း ၎င်းတို့ အသုံးပြုသည့် တန်ဖိုးမဖြတ်နိုင်သည့် နည်းပညာများ၊ ခေတ်မီစက်ပစ္စည်း အသုံးပြုမှုပညာရပ်များကို မျှဝေရရှိ**

☆ ကျောဖုံးမှ

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ်တို့က ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

### ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် စနစ်တကျစီမံသုံးစွဲ

ဦးစွာ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မတ် ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားပြင်းမြေငလျင်နှင့် နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ရှားမှုကြောင့် ထိခိုက်ပျက်စီး သေဆုံးမှုများ အများဆုံးဖြစ်ပေါ်ခဲ့သည့်ဒေသများအား ကူညီ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံပေါင်း ၂၀ မှ ကူညီကယ်ဆယ်ရေး အဖွဲ့ဝင်များ စေလွှတ်ပေးနေမှုနှင့် လူသားချင်းစာနာသည့် စိတ်ဖြင့် အားတတ်သရော ကူညီပေးမှုများ အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ နေပြည်တော်ကောင်စီ နယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အေးချမ်းသာဟိုတယ်တွင် ငါးရက်ကြာ ပိတ်မိနေသည့် ဟိုတယ် ပြင်/ထိန်း ဝန်ထမ်းဖြစ်သူ အသက် (၂၆) နှစ်ရှိ မောင်နိုင်လင်းထွန်းအား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ရှာဖွေကယ်ဆယ်ရေး(အထူး) တပ်ဖွဲ့ဝင်များနှင့် တူကီယဲနိုင်ငံမှ GEA Search and Rescue အဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ဧပြီ ၁ ရက် ညနေ ၃ နာရီမှ စတင်ကယ်ထုတ်ခဲ့ရာ ရှာဖွေကယ်ဆယ်မှု ကိုးနာရီခွဲကြာမြင့်ခဲ့ပြီး ည ၁၂ နာရီခွဲတွင် ကယ်ဆယ် နိုင်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် အသက် (၂၆) နှစ် အရွယ် ထက်မောင်မောင်ကိုလည်း ယနေ့နံနက် ၁၀ နာရီမှစတင်၍ ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ခဲ့ရာ ရှာဖွေကယ်ဆယ်မှုကြာချိန် ၃ နာရီ ၅၅ မိနစ်ခန့်ကြာမြင့်ခဲ့ပြီး မွန်းလွဲ ၁ နာရီ ၅၅ မိနစ်ခန့်တွင် အသက်ရှင်လျက် အောင်မြင်စွာ ထပ်မံကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ထိုသို့ ရှာဖွေကယ်ဆယ်နိုင်ခဲ့ခြင်းမှာ ၎င်းတို့၏ ကုသိုလ်ကံ၊ ရှာဖွေကယ်ဆယ်ရေး အဖွဲ့များ၏ ကြိုးပမ်းမှုနှင့် အဆင့်မြင့် နည်းပညာအကူအညီနှင့် ကယ်ဆယ်ရေး အတွေ့အကြုံများကြောင့်ဖြစ်ကြောင်း၊ **နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတကာကို ဖိတ်ခေါ်ဆောင်ရွက်မှုများကြောင့် နိုင်ငံတကာမှ အသုံးပြုသည့် နောက်ဆုံးပေါ် ကူညီကယ်ဆယ်ရေး ပစ္စည်းများနှင့် ထိတွေ့ခွင့်ရရှိပြီး နည်းပညာ အသုံးချမှုများနှင့် အဆင့်မြင့် နည်းပညာသုံး ပစ္စည်းများ၏ စွမ်းပကားများကို တစ်ဖက်မှလည်း လေ့လာခွင့်ရခဲ့ကြောင်း၊ ယင်းသည် အဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံကောင်းများဖြစ်ပါကြောင်း၊ နိုင်ငံတကာမှကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဒုက္ခရောက်နေသည့် နိုင်ငံသားများအနေဖြင့် အသက်ရှင်ခွင့်ရသလို ပြည်တွင်းမှ ကယ်ဆယ်ရေးအဖွဲ့များအနေဖြင့်လည်း ၎င်းတို့အသုံးပြုသည့် တန်ဖိုးမဖြတ်နိုင်သည့် နည်းပညာများ၊ ခေတ်မီစက်ပစ္စည်း အသုံးပြုမှုပညာရပ်များကို မျှဝေရရှိကြောင်း၊** ယမန်နေ့က နိုင်ငံတကာမှ ကယ်ဆယ်ရေး အတွက် လာရောက်သည့် လေယာဉ်အခေါက်ရေ ၄၉ ခေါက်ဖြစ်ရာ လက်ရှိအချိန်အထိ ကယ်ဆယ်ရေးအဖွဲ့ဝင်အင်အား ၁၉၁၅ ဦး၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း တန်ချိန် ၇၁၄ တန်ကျော် ရောက်ရှိပြီဖြစ်ကြောင်း၊ အဆိုပါရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို မြန်မြန်ရောက် မြန်မြန်ပို့၊ မြန်မြန်ဖြန့်စနစ်ဖြင့် ဆောင်ရွက်နေပြီး နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း နိုင်ငံတကာမှ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိပါက အရှိန်လုံးဝမထားဘဲ ငလျင်ဒဏ်သင့်ပြည်သူများ လက်ဝယ်သို့ အမြန်ဆုံးရောက်ရှိအောင် ပို့ဆောင်ရန် ညွှန်ကြားထားကြောင်း၊ မတ် ၂၈ ရက်မှ ယနေ့အထိ ပြင်းထန်မြေငလျင်၏ နောက်ဆက်တွဲ မြေငလျင်များ လှုပ်ရှားမှုမှာ ၅၇ ကြိမ်ရှိပြီဟု ထုတ်ပြန်ထားသည့်အတွက် သတိလက်လွတ်မဖြစ်စေဘဲ နေထိုင်သွားလာကြရန် လိုအပ်ကြောင်း၊

ယမန်နေ့က ကျင်းပပြုလုပ်ခဲ့သည့် ငလျင်ဒဏ်သင့်ဒေသများ အတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများတွင် အသုံးပြုရန် အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင်လည်း အားတက်သရော လှူဒါန်းကြသည့်အတွက် ကြည်နူးဝမ်းမြောက်ဖွယ် တွေ့မြင်ရပါကြောင်းနှင့် ပြည်တွင်း၊ ပြည်ပ အလှူရှင်များနှင့် ဝန်ကြီးဌာနများမှ လှူဒါန်းမှုအနေဖြင့် စုစုပေါင်းအလှူငွေ ကျပ်သိန်းပေါင်း ၁၂၆၄၈၀ သိန်းရရှိခဲ့ကြောင်း၊ အဆိုပါ လှူဒါန်းငွေများကိုလည်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အတွက် စနစ်တကျစီမံသုံးစွဲရန် လိုအပ်ကြောင်း။

### ဆွေးနွေးမှာကြား

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ဝန်ထမ်းအိမ်ရာများ၊ ရုံးအဆောက်အအုံများနှင့်ပတ်သက်၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဝန်ထမ်းများနှင့်မိသားစုဝင်များ စားသောက်ရေး အဆင်ပြေစေရေးနှင့် ယာယီနေထိုင်နိုင်ရေးအတွက် စီစဉ်နေရာချထားပေးရမည် ဖြစ်ကြောင်း၊ ထိုသို့စီစဉ်ရာတွင် မိုးတွင်းကာလနှင့် ချိန်ညှိ၍ မိုးရာသီမတိုင်မီ မိုးလုံလေလုံ ယာယီ/အမြဲတမ်းအဆောက်အအုံများ ဆောင်ရွက်ထားရန်မှာအရေးကြီးသည့်အချက် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် ပျက်စီးနေသည့် အပျက်အစီးများကို ဖယ်ရှားရှင်းလင်းရန်၊ ဒုတိယအဆင့် အနေဖြင့် နေထိုင်ရန်မသင့်သည့် ယိုင်နဲ့နေသည့် နေအိမ်များကို ဖြိုဖျက်ရန်၊ တတိယအဆင့် အနေဖြင့် ကျန်အဆောက်အအုံများကို ဆက်လက်အသုံးပြုရန်သင့်/မသင့် စစ်ဆေးရန်နှင့် နောက်ဆုံး အနေဖြင့် တည်ဆောက်ရေး အပိုင်းဖြစ်ကာ တည်ဆောက်ရေး ဆောင်ရွက်ရာတွင် လက်ရှိနေရာတွင်ပင် တည်ဆောက်ရန် သင့်/မသင့်ကို ဘူမိဗေဒပညာရှင်များ၊ ငလျင်ပညာရှင်များ အင်ဂျင်နီယာကောင်စီမှ ပညာရှင်များနှင့် တိုင်းတာစစ်ဆေးရန် ဖြစ်ပြီး တည်ဆောက်ရန် မသင့်ပါက သင့်တော်သည့်အခြားမြေနေရာ ရှာဖွေ တည်ဆောက်ရေးတို့ကို ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာများ၏ အားနည်းချက်မှာ အိမ်ရာများတွင် ဝန်ကြီးဌာနအလိုက် သီးသန့်စီစဉ်နေထိုင်ခြင်း မဟုတ်သည့်အတွက် စီမံဆက်သွယ် ဆောင်ရွက်မှုများ၌ ကန့်သတ်ချက်အချို့ တွေ့ရှိရ၍ ပြန်လည် တည်ဆောက်ရေးနှင့် နေရာချထားရေး ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအလိုက် တစုတစည်းတည်း နေရာချထားရန် လိုအပ်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသူများအနေဖြင့် ကော်မတီများ အလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ ဆောင်ရွက်နေဆဲကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များ၊ ယာယီပြန်လည်နေရာချထားရေး ကိစ္စရပ်များနှင့် အမြဲတမ်းနေရာချထားရေးကိစ္စရပ်များကို ထိထိရောက်ရောက် ဆွေးနွေးကြရန် လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ကော်မတီဒုတိယ ဥက္ကဋ္ဌ (၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ကော်မတီဒုတိယဥက္ကဋ္ဌ (၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့က မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ငလျင်ဒဏ်သင့်ဒေသများတွင် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားမှု၊ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေး ပစ္စည်းများ၊ ကူညီကယ်ဆယ်ရေး အဖွဲ့များ၊ ဆေးအဖွဲ့များနှင့် ထောက်ပံ့ပစ္စည်းများ ရောက်ရှိမှု၊ အဆိုပါ ကယ်ဆယ်ရေးအဖွဲ့များနှင့် ထောက်ပံ့ပစ္စည်းများကို စနစ်တကျ ဖြန့်ခွဲနေရာချထားပေးမှု၊ ဆက်သွယ်မှု လမ်းကြောင်းများ မပြတ်တောက်စေရန် ပျက်စီးသွားသည့် လမ်း၊ တံတားများအား ယာယီသွားလာနိုင်ရေး ပြင်ဆင်ဆောင်ရွက်ပေးထားမှု၊ ငလျင်ဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များနှင့် လိုအပ်ချက်များကို ထောက်ပံ့ ပေးအပ်လျက်ရှိမှု၊ မြေပြင်စာရင်းကောက်ယူရေးအဖွဲ့များဖြင့် ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူလျက်ရှိမှု၊ AHA Center၊ နိုင်ငံတကာနှင့် ပြည်တွင်း၊ ပြည်ပ အလှူရှင်များက အလှူငွေများနှင့် ထောက်ပံ့ရေးပစ္စည်းများ လက်ခံရရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ကော်မတီဝင် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က မတ် ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှု အခြေအနေများ၊ ကယ်ဆယ်ရေး လေယာဉ်များနှင့် ပစ္စည်းများ ရောက်ရှိမှုအခြေအနေများ၊ ငလျင်ဒဏ်ကြောင့်သာသနိကအဆောက်အအုံများ၊ အခြားဘာသာရေး အဆောက်အအုံများ၊ နေအိမ်များနှင့် စာမျက်နှာ ၇ သို့ ❒

❐ စာမျက်နှာ ၆ မှ

ဝန်ထမ်းအိမ်ရာများ ပျက်စီးဆုံးရှုံးမှု၊ သံဃာတော်များ၊ အရပ်သား ပြည်သူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ အရေးပေါ်ကူညီကယ်ဆယ်ရေး ဆောင်ရွက်နေမှုများ၊ ငလျင်ဘေးဒဏ်ခံစားရသည့် ဝန်ထမ်းများအတွက် ဝန်ကြီးဌာနအသီးသီး အလိုက် စားသောက်၊ နေထိုင်မှုနှင့် လုံခြုံရေးအတွက် ဆောင်ရွက်ပေးထားမှုအခြေအနေများ၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတကာမှ ကမ်းလှမ်းထားသည့် အခြေအနေများ၊ စိုက်ပျိုးမြေများနှင့် တာ၊ တမံများ ပျက်စီးမှု၊ နိုင်ငံတကာမျက်နှာစာတွင် လက်ရှိဖြစ်ပေါ်မှုများနှင့် ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး၊ ယာယီဆေးရုံ၊ ဆေးခန်းများ ဖွင့်လှစ်ထားရှိမှု၊ ကယ်ဆယ်ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ အဆင်သင့်စုဖွဲ့ထားရှိမှု၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြမှုများ အပေါ် အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဆောက်အအုံများအား ပြန်လည်တည့်မတ်ရန်အတွက် လုံလောက်သည့် ပစ္စည်းကိရိယာများ ရရှိရေး၊ ယာယီဆေးရုံများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး၊ သံဃာတော်များ၏ ဆွမ်း၊ ကွမ်းဝေယျာဝစ္စနှင့် ယာယီကျောင်းဆောင်များ အဆင်ပြေမှုရှိစေရေး၊ အဆောက်အအုံများ ပျက်စီးဆုံးရှုံးသွားသည့် ပြည်သူများနှင့် ဝန်ထမ်းများအား နေရာချထားနိုင်ရေးအတွက် မိုးရာသီမတိုင်မီ နှစ်လအတွင်း အနိမ့်ဆုံးအဆင့် ယာယီအမိုးအကာ ရရှိအောင် စီမံဆောင်ရွက်ရေး၊ အဆောက်အအုံများပျက်စီးမှု၊ ဖြိုချရန်လိုအပ်မှုနှင့် နေထိုင်ရန် သင့်/မသင့်တို့ကို အမြန်ဆုံးစာရင်းကောက်ယူရေး၊ အဆောက်အအုံများကို ဖြိုချရသည်ဖြစ်စေ၊ အပျက်အစီးများကို ဖယ်ရှားရသည်ဖြစ်စေ မိသားစုပိုင်ပစ္စည်းများကို ပြန်လည်ရရှိနိုင်ရေးအတွက် စနစ်တကျစီမံပြုလုပ်ရေး၊ နိုင်ငံတကာ အကူအညီများ လွယ်ကူချောမွေ့အဆင်ပြေစေရေးအတွက် စီမံဆောင်ရွက်ပေးနိုင်ရေးနှင့် လမ်းခရီးကန့်သတ်ချက်များနှင့် အကြမ်းဖက်သမားများ၏ နှောင့်ယှက်မှုများရှိနေသောကြောင့် လုံခြုံရေးကိစ္စရပ်များ အဆင်ပြေစေရန် ကယ်ဆယ်ရေး ယာဉ်နှင့် ကယ်ဆယ်ရေးအဖွဲ့များ ဖြစ်ကြောင်းကို သိသာထင်ရှားသည့် အမှတ်အသားများ ပြုလုပ်၍ ခွင့်ပြုချက်၊ စီမံချက်တို့ဖြင့် စနစ်တကျစေလွှတ်ပေးနိုင်ရေး၊ ငလျင်ဒဏ်ကြောင့် သေဆုံးသူများ၊ ဒဏ်ရာရရှိသူများ အပေါ် ထောက်ပံ့ကြေးများ အမြန်ဆုံးထုတ်ပေးနိုင်ရေးနှင့် အရေးပေါ် စားနပ်ရိက္ခာများထောက်ပံ့ပေးနိုင်ရေး၊ သန့်ရှင်းသောသောက်ရေနှင့် သုံးရေရရှိရေး၊ လျှပ်စစ်မီး လျင်မြန်စွာရရှိရေးနှင့် စေတနာရှင်များ၏ ယန္တရားတစ်အုပ်တစ်မ အကူအညီပေးထားမှုများအပေါ် အမှန်တကယ်လိုအပ်သည့် လမ်း၊ တံတားနှင့် အဆောက်အအုံနေရာများတွင် အသုံးပြုနိုင်ရေးအတွက် စနစ်တကျစီမံ၍ အကျိုးရှိအောင် ဆောင်ရွက်ရေး၊ ပြည်သူများအနေဖြင့် သဘာဝဘေးနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် အကြောင်းအချက်များနှင့် သတင်းများကို ဆောလျင်မြန်ဆန်စွာသိရှိနိုင်ရေးနှင့် လှူဒါန်းသည့် ပစ္စည်းများ မလိုအပ်ဘဲ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ဆပ်ကော်မတီအလိုက် စနစ်တကျ စာရင်းပြုစုရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို NDMC အဖွဲ့ဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ခင်းကျင်းပြသထားသော နိုင်ငံတကာမှ လှူဒါန်းထားသည့် ပစ္စည်းများအား ကြည့်ရှုစဉ်။

### လိုက်လံကြည့်ရှု

အစည်းအဝေးအပြီးတွင် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသော နိုင်ငံတကာမှ လှူဒါန်းထားသည့် ယာယီတဲ အဆောက်အအုံများ၊ အရေးပေါ်လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ဆေးပစ္စည်းများကို လိုက်လံကြည့်ရှုကြသည်။

အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ထိခိုက်ပျက်စီးသေဆုံးမှုမှာ ဧပြီ ၂ ရက် ညနေ ၆ နာရီအထိ ကနဦးစာရင်းများအရ သေဆုံးသူ ၃၀၀၃ ဦး၊ ပျောက်ဆုံးသူ ၃၅၁ ဦး၊ ဒဏ်ရာရရှိသူ ၄၅၁၅ ဦး ရှိပြီး လူနေအိမ် ၂၁၇၈၃ လုံး၊ ရုံးဌာနအဆောက်အအုံ ၈၀၅ လုံး၊ ဝန်ထမ်းအိမ်ရာ ၁၁၅ လုံး၊ စာသင်ကျောင်း ၁၀၄၁ ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်း ၉၂၁ ကျောင်း၊ ဘုရားစေတီ ၁၆၉၀ ဆူ၊ အခြားဘာသာရေးအဆောက်အအုံ ၃၁၂ လုံး၊ ဆေးရုံ/ဆေးခန်း ၄၈ လုံး၊ စပါးနှင့် အခြားသီးနှံ ၄၅ ဧကတို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီအနေဖြင့် နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နေပြည်တော်ကောင်စီ နယ်မြေတွင် တရုတ်(ယူနန်)နိုင်ငံမှ အဖွဲ့ဝင် ၃၇ ဦးနှင့် ပူးပေါင်း၍ အသက်ရှင်သူ တစ်ဦး၊ သေဆုံးသူ နှစ်ဦးကိုလည်းကောင်း၊ စင်ကာပူနိုင်ငံမှ အဖွဲ့ဝင် ၈၉ ဦးနှင့် ပူးပေါင်း၍ အသက်ရှင်သူ တစ်ဦး၊ သေဆုံးသူ လေးဦးကိုလည်းကောင်း၊ ထိုင်းနိုင်ငံမှ အဖွဲ့ဝင် ၅၀ နှင့် ပူးပေါင်း၍ သေဆုံးသူ သုံးဦးကိုလည်းကောင်း၊ ဗီယက်နမ်နိုင်ငံမှ အဖွဲ့ဝင် ၁၀၆ ဦးနှင့် ပူးပေါင်း၍ သေဆုံးသူ ခုနစ်ဦးကို လည်းကောင်း၊ တူကီယဲ (တူရကီ) နိုင်ငံမှ အဖွဲ့ဝင် ရှစ်ဦးနှင့် ပူးပေါင်း၍ အသက်ရှင်သူ နှစ်ဦးကိုလည်းကောင်း စုစုပေါင်း အသက်ရှင်သူ လေးဦးနှင့် သေဆုံးသူ ၁၆ ဦးတို့ကို ရှာဖွေကယ်ဆယ်နိုင်ခဲ့ကြောင်း။

အလားတူ မန္တလေးတိုင်းဒေသကြီးတွင် ရုရှားနိုင်ငံမှ အဖွဲ့ဝင် ၁၆၇ ဦးနှင့် ပူးပေါင်း၍ အသက်ရှင်သူ တစ်ဦး၊ သေဆုံးသူ ခြောက်ဦးကိုလည်းကောင်း၊ တရုတ်နိုင်ငံ (ပေကျင်း) မှ အဖွဲ့ဝင် ၈၄ ဦး၊ တရုတ်နိုင်ငံ Blue Sky Rescue Team မှ အဖွဲ့ဝင် ၁၁၆ ဦး၊ တရုတ်နိုင်ငံ (ဟောင်ကောင်) မှ အဖွဲ့ဝင် ၅၁ ဦးတို့နှင့် ပူးပေါင်း၍ အသက်ရှင်သူ နှစ်ဦး၊ သေဆုံးသူ ၁၄ ဦးကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံမှ အဖွဲ့ဝင် ၈၀ နှင့် ပူးပေါင်း၍ သေဆုံးသူ ၁၁ ဦးကို လည်းကောင်း စုစုပေါင်း အသက်ရှင်သူ သုံးဦးနှင့် သေဆုံးသူ ၃၁ ဦးတို့ကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ကြောင်း။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးတွင် မလေးရှားနိုင်ငံမှ အဖွဲ့ဝင် ၅၀ နှင့် ပူးပေါင်း၍ သေဆုံးသူ ခြောက်ဦးတို့ကို ရှာဖွေနိုင်ခဲ့ရာ ရှာဖွေကယ်ဆယ်ရေးကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်း နိုင်ငံပေါင်း ခုနစ်နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ၁၂ ဖွဲ့တို့နှင့် ပူးပေါင်း၍ အသက်ရှင်သူ ခုနစ်ဦးနှင့် သေဆုံးသူ ၅၃ ဦးတို့ကို ရှာဖွေ ကယ်ဆယ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သီပေါမြို့နယ် နောင်မွန်ကျေးရွာအနီး၌ ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၆၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Faw Tractor Head တစ်စီး၊ Shacman Tractor Head နှစ်စီး၊ Howp Sino Truk Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ငါးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၆၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### သိမ်းဆည်းရမိ

ထို့အတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ပြင်ဦးလွင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၇၀၉၁၂၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀၀၀) ကို လည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခြောက်မျိုး၊ လုပ်ငန်းသုံးပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး၊ Toyota Toyoace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပလိပ်မြို့အနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး၊ လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၆၄၀၄၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Chenglong Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန် - မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၃၅၂)၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၇၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀၀ ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၆၈၉၆၀၅ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်သုံးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၁၉၁၄၀၀၀) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၅၂၈၉၆၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက် စာတမ်း အထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၂၇၈၅၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၄၇၀၈၁၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၁ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၉ မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၆၅၈၀၀၄၁၅)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်

(မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်)
၂၀၂၅ ခုနှစ်၊ ဧပြီ ၂ ရက်

၁။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရန်နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှစ၍ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အတွက် ထုတ်ပြန်ချက်ပေါင်း(၂၂)ကြိမ် ထုတ်ပြန်ခဲ့သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

၂။ လက်ရှိအချိန်တွင် မတ် ၂၈ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် အင်အား အလွန်ပြင်းထန်သော မြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ရှားမှုကြောင့် ငလျင်ဒဏ်သင့်ဒေသများ၌ လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူများ အသက်သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာ ရရှိမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ထိုကဲ့သို့သော ထိခိုက် ပျက်စီးခဲ့ရမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများကြောင့် ကူညီ ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော် အနေဖြင့် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ သည်။

၃။ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားနေရသော တစ်နိုင်ငံလုံးရှိ ပြည်သူလူထုအား စာနာထောက်ထားနားလည်သောအားဖြင့်လည်း ကောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက် လည်းကောင်း တည်ငြိမ်အေးချမ်းမှုကို ရှေးရှုလျက် တပ်မတော် အနေဖြင့် ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်မှ ၂၂ ရက်အထိ ကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထုတ်ပြန်လိုက် သည်။

၄။ ယာယီပစ်ခတ်တိုက်ခိုက်မှု ထုတ်ပြန်ကြေညာထားသည့်ကာလ အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အခြားလက်နက် ကိုင်အဖွဲ့များအနေဖြင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများအား နှောင့်ယှက်တိုက်ခိုက်ခြင်းနှင့် ထိခိုက်ပျက်စီးစေခြင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ပျက်စီးစေခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန် ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများ အား တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ခြင်း များ၊ ငြိမ်းချမ်းရေးကို ထိခိုက်ပျက်စီးစေမည့် အင်အားစုဆောင်းခြင်း၊ ပြင်ဆင်စုဖွဲ့ခြင်း၊ နယ်မြေချဲ့ထွင်ခြင်းများကို မပြုရန်နှင့် ထိုကဲ့သို့ ဆောင်ရွက်လာပါက တပ်မတော်အနေဖြင့် ပြည်သူလူထုအား ကာကွယ် သောအားဖြင့် လိုအပ်သည့်အရေးယူ တုံ့ပြန်မှုများကို ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ငလျင်ဘေး ကူညီကယ်ဆယ်ရေးလုပ်ဆောင်နေမှုများကို အခွင့်ကောင်းယူ၍ အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်လာ

နေပြည်တော် ဧပြီ ၂

၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ၌ အလွန် ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပြည်သူလူထုများ ပြင်းပြင်းထန်ထန် ထိခိုက်ခံစားခဲ့ ရပြီး အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုများ ဖြစ်ပေါ် ခဲ့ရသည့်အတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ တစ်သီးပုဂ္ဂလကူညီကယ်ဆယ် သူများသည် ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေး အဖွဲ့များနှင့်လက်တွဲကာ ဘေးသင့်ပြည်သူများအား လူမျိုးဘာသာ၊ ရန်သူမိတ်ဆွေမခွဲခြားဘဲ အရောင် အသွေးကင်းစွာဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်း များအား နေ့မနား ညမအား အင်တိုက်အားတိုက် ဆောင်ရွက်နေရသည့်အတွက် လုံခြုံရေးလုပ်ငန်းများ အားနည်းနေမှုကို အခွင့်ကောင်းယူကာ လူမဆန်စွာ ဖြင့် လျှပ်စစ်ဓာတ်အားခွဲရုံတစ်ခုအား PDF အမည်ခံ အကြမ်းဖက်သမားများနှင့် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများက အင်အားအလုံး အရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း၊ အင်အား အနည်းငယ်သာရှိသည့် လုံခြုံရေးကင်းစခန်းတစ်ခု အား အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက် ခဲ့ခြင်း၊ ကူညီကယ်ဆယ်ရေးယာဉ်အား ချောင်းမြောင်းတိုက်ခိုက်ခြင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကို ချောင်းမြောင်းပစ်ခတ်ခြင်းတို့ အား လုပ်ဆောင်လာသဖြင့် တပ်မတော်က ဟန့်တားဆောင်ရွက်မှုများကို လုပ်ဆောင်ခဲ့ရပါ သည်။ ထိုသို့ လုပ်ဆောင်ခဲ့ရမှုအပေါ် အကြမ်းဖက် အုပ်စုဖြစ်သည့် NUG အဖွဲ့၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေသည့် အွန်လိုင်းမီဒီယာများနှင့် ပြည်ပမီဒီယာအချို့က ပုံကြီးချဲ့ကားကာ ငလျင်ဘေးဒဏ်သင့်နေချိန်တွင်ပင် တပ်မတော်က လေကြောင်းတိုက်ခိုက်မှုများကို ဆက်လက် လုပ်ဆောင်လျက်ရှိကြောင်း မြေပြင်အခြေအနေ အမှန်ကို မသိရှိဘဲ တစ်ဖက်သတ်လုပ်ကြံစွပ်စွဲ ရေးသားဖော်ပြနေမှုများကို တွေ့ရှိနေရပါသည်။ ယခုကဲ့သို့ ငလျင်ဘေးကြောင့် ပြည်သူများ ဒုက္ခ ပင်လယ်ဝေနေရချိန်တွင် လူသားချင်းစာနာစိတ် ကင်းမဲ့စွာဖြင့် နိုင်ငံရေးအမြတ်ထုတ်လိုမှု တစ်ခုတည်း ကိုသာ ရှေးရှု၍ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေသည့် NUG အဖွဲ့၊ ၎င်းတို့ ၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များနှင့် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများကို မြန်မာနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံသူနိုင်ငံသား များက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါသည်။ ပြည်တွင်းပြည်ပအဖွဲ့အစည်းများအနေဖြင့်လည်း NUG အဖွဲ့၊ ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့် လက်နက်ကိုင် အကြမ်း ဖက်သောင်းကျန်းသူများ၏အကြမ်းဖက်လုပ်ရပ်များ ကို သတိထားစောင့်ကြည့်၍ ၎င်းတို့၏ လူမဆန် သည့် အကြမ်းဖက်လုပ်ရပ်များကို အားပေး အားမြှောက်ပြုရာရောက်သည့် ပြောဆိုရေးသား ဖော်ပြမှုများကို သတိပြုရှောင်ကြဉ်သင့်ပါသည်။ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးအတွက် အမြဲ တမ်း လမ်းဖွင့်ပေးထားလျက်ရှိပါသည်။ ငြိမ်းချမ်း ရေးကို ခုတုံးလုပ်၍ နိုင်ငံရေး အမြတ်မထုတ်ရန်လို ကြောင်းနှင့် မဟုတ်မမှန် စွပ်စွဲထုတ်ပြန်မှုများကို ရှောင်ကြဉ်သင့်ကြောင်း အသိပေးထုတ်ပြန်အပ်ပါ သည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး၊ ပြည်ပ အလုပ်အကိုင်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အာရွန် ဟီမချန်ဒရာ အား လက်ခံတွေ့ဆုံ



နေပြည်တော် ဧပြီ ၂

(၆)ကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြား ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသန်းဆွေသည် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ နိုင်ငံခြားရေး၊ ပြည်ပ အလုပ်အကိုင်နှင့် ခရီးသွားလာ ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အာရွန် ဟီမချန်ဒရာ အား ဧပြီ ၂ ရက်တွင် လက်ခံတွေ့ဆုံခဲ့ သည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက မတ် ၂၈ ရက်တွင် ပျက်စီးဆုံးရှုံးမှုကြီးမားသည့်ငလျင် လှုပ်ခတ်မှု ဖြစ်ပွားပြီးနောက် မြန်မာအစိုးရ၏ ကယ်တင်ရေးနှင့် ကယ်ဆယ်ရေးအတွက် ကြိုးပမ်း အားထုတ်မှုများကို ရှင်းလင်း ပြောကြားခဲ့သည်။ ထိုသို့ တွေ့ဆုံ ဆွေးနွေးရာတွင် သီရိလင်္ကာ အစိုးရနှင့် ပြည်သူများက ငလျင်ဒဏ် ခံစားရသည့် မြန်မာ ပြည်သူများအတွက် အမေရိကန် ဒေါ်လာ တစ်သန်း လှူဒါန်းပြီး ကျန်းမာရေး စောင့်ရှောက်ရေး အတွက် ဆေးကုသရေးအဖွဲ့ တစ်ဖွဲ့ကို ဆေးဝါးပစ္စည်းများနှင့် အတူ စေလွှတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံနှင့် အခြား နိုင်ငံများမှ လူသားချင်းစာနာ ထောက်ထားရေးအကူအညီ၊ ဆေး အဖွဲ့နှင့် ကယ်တင်ရေးအဖွဲ့များ မြန်မာနိုင်ငံသို့ ပေးပို့စေလွှတ်မှု များအတွက် ကျေးဇူးတင်ရှိ ကြောင်း ပြောကြားခဲ့သည်။ မြန်မာနှင့် သီရိလင်္ကာနိုင်ငံတို့ အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး ပိုမိုခိုင်မာ ရေးနှင့်စပ်လျဉ်း၍ နှစ်ဖက်လုံးက ဆွေးနွေးခဲ့ကြသည်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ဌာနမှ ငလျင်ဘေးသင့် ဝန်ထမ်းမိသားစုများအား တွေ့ဆုံအားပေး



နေပြည်တော် ဧပြီ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နှင့် ယနေ့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဌာနမှ ငလျင်ဘေးသင့် ဝန်ထမ်းမိသားစုများအား သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းမိသားစုများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး နေပြည်တော်ရှိ ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ အရေးပေါ် ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် ဌာနမှ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဆေးရုံတက်လူနာ ၁၀၀၀ အတွက် အာဟာရဖြည့်စွက်စာနှင့် ရေသန့်ဘူးများ ထောက်ပံ့လှူဒါန်းခြင်းကို စေတနာရှင် အလှူရှင်များနှင့်အတူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင် ငလျင်ကြောင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ထိခိုက်ပျက်စီးခဲ့မှုအခြေအနေအား လိုက်လံကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၂

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ငလျင်ကြောင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ထိခိုက်ပျက်စီးခဲ့မှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

ဦးစွာ ဥပ္ပါတသန္တိစေတီတော် လိုဏ်ဂူတော်အတွင်းရှိ ကြမ်းခင်းကြွေပြားပျက်စီးမှု၊ မဟာဗုဒ္ဓဝင်ကျောက်ဆစ်လက်ရာများ ကွဲအက်ပျက်စီးမှု၊ ဘင်း(ထောက်တိုင်)များ ကွဲအက်ပျက်စီးမှု၊ ပလာစတာများကွာကျပျက်စီးမှု၊ မြန်မာမှုလက်ရာများ ပျက်စီးမှု၊ ဥပ္ပါတသန္တိစေတီတော်ပတ်လည် စိန်တောင်နှင့် ရင်ပြင်တော်ကြမ်းခင်း ကျောက်ပြားတို့ကြား တစ်ပေခန့် နိမ့်ဆင်းပျက်စီးမှု၊ ဥပ္ပါတသန္တိစေတီတော် ရင်ပြင်တော်ရှိ ကျောက်ပြားများပျက်စီးမှု၊ ရင်ပြင်တော်တွင် ခြောက်လက်မခန့်ရှိ အက်ကြောင်းဖြစ်ပေါ်ပျက်စီးမှု၊ စေတီတော်၏ မြောက်ဘက်လှေကားရှိ သရက်ကင်းများပျက်စီးမှု၊ ကျောက်ပြားများပျက်စီးမှု၊ စေတီတော်၏ အရှေ့မြောက်ထောင့်ရှိ ဆုတောင်းပြည့်ဘုရား မြေပျက်စီးမှု၊ စေတီတော်သို့ တက်ရောက်ဖူးမြော်ကြည်ညိုနိုင်ရန် တည်ဆောက်ထားသည့် အရှေ့တောင်ထောင့်နှင့် အနောက်တောင်ထောင့်ရှိ ဓာတ်လှေကားများပျက်စီးမှု၊ စေတီတော်၏ တံခွန်တိုင်နှင့် လျှောက်လမ်းစင်္ကြံများ ထိခိုက်ပျက်စီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ကျွမ်းကျင်အင်ဂျင်နီယာပညာရှင်များ၊ ဗိသုကာပညာရှင်များ၊ မြန်မာမှုပညာရှင်များနှင့် အသေးစိတ်ကွင်းဆင်းစစ်ဆေးပြီး အမြန်ဆုံးပြန်လည်ပြုပြင်ထိန်းသိမ်းတည်ဆောက်နိုင်ရေး ကြိုးပမ်းအားထုတ်သွားရန် စေတီတော်ဂေါပကအဖွဲ့ဝင်များအား မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ငလျင်ဘေးသင့်ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားသမားများအတွက် သုံးရေဖြန့်ဝေပေးနေမှု လိုက်လံကြည့်ရှု



နေပြည်တော် ဧပြီ ၂

နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၌ စခန်းဝင်နေထိုင်လျက်ရှိသည့် ငလျင်ဘေးသင့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားသမားများ သုံးရေအဆင်ပြေစေရေးအတွက် ယနေ့နံနက်ပိုင်းတွင် ရေဂါလန် ၁၂၀၀ ဆံ့ ယာဉ်များဖြင့် သယ်ဆောင်၍ Cluster များအလိုက် ရေပေးဝေနေမှုများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှုသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Cluster-10 တွင် စခန်းဝင်နေထိုင်လျက်ရှိသည့် အားကစားသမားအိပ်ဆောင်များအား လည်းကောင်း၊ Cluster-6 တွင် ယာယီနေထိုင်လျက်ရှိသည့် ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား လည်းကောင်း သုံးရေအဆင်ပြေစေရေးအတွက် ကားများဖြင့် သယ်ဆောင်၍ ရေပေးဝေနေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နေထိုင်စားသောက်ရေး အဆင်ပြေစေရေးအတွက် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Cluster များအလိုက် မီးလိုင်းများရရှိစေရေးအတွက် Transformer ထားရှိသည့် နေရာများ၊ မီးလိုင်းများ၊ အရန်မီးစက်များနှင့် မီးကြိုးများ၊ ပျက်စီးဆုံးရှုံးမှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ငလျင်ဒဏ်သင့်ဒေသများရှိပြည်သူများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ တရုတ်-မြန်မာ ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်

နေပြည်တော် ဧပြီ ၂

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ငလျင်ဒဏ်သင့်ဒေသများရှိပြည်သူများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စေတနာရှင် ပြည်သူများ၊ အသင်းအဖွဲ့များက အားတက်သရော ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းသည် ငလျင်စတင်ဖြစ်ပွားသည့် မတ် ၂၈ ရက်မှစ၍ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဆက်သွယ်ကာ ဝန်ကြီးဌာနများသို့ မီးစက် ၄၂ လုံး လှူဒါန်းခြင်း၊ PPE ဝတ်စုံ ၃၀၀၀ လှူဒါန်းခြင်း၊ အစားအသောက်များ လှူဒါန်းခြင်း၊ ငွေလှူဒါန်းခြင်း၊ တရုတ်နိုင်ငံမှ ရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်းကာ စကားပြန်ဆောင်ရွက်ပေးခြင်း၊ တရုတ်နိုင်ငံရှိ ကူညီကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ပေးခြင်းများကို အသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးသစ္စာ @ Mr Li Bo Bo ကိုယ်တိုင် အနီးကပ်ဦးစီးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး လျှော်ဘေးသင့် ဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဧပြီ ၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဝန်ကြီးဌာနအောက်ရှိ လျှော်ဘေးသင့်ဝန်ထမ်းများအတွက် CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးမှ လှူဒါန်းသည့် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။



## ထောက်ပံ့ပေးအပ်

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ဖေယျာသိဒ္ဓိရပ်ကွက်ရှိ သီရိဂန္ဓမာ သပြေအေး၊ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတိုက်သို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ပြည်ထောင်စုဝန်ကြီးရုံးမှ ဝန်ထမ်းများအားလည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) သို့သွားရောက်ပြီး ရုံးဝင်းအတွင်းရှိ ကားဂိုဒေါင်တွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ငလျင်ဒဏ်သင့်ဝန်ထမ်းများအားလည်းကောင်း CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးမှ လှူဒါန်းထားသည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ချင်း၊ ပဲနီလေး၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ကိတ်ခြောက်၊ ရေသန့် စသည့် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ငလျင်ဘေးဒဏ်ခံရမှုနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်သင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ယာယီပြောင်းရွှေ့နေထိုင်ရေး စီစဉ်ဆောင်ရွက်ပေးပြီး ယာယီရုံးများ ဖွင့်လှစ်ကာ ရုံးလုပ်ငန်းများ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထို့နောက် ပျက်စီးသွားသည့် ရုံးအဆောက်အအုံများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ ရုံးသုံးပစ္စည်းများ၊ မော်တော်ယာဉ်များကို စနစ်တကျ စာရင်းပြုစုတင်ပြကြရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းရေးနှင့် ထိခိုက်မှုမရှိစေရေး ဦးစားပေးဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအောက်ရှိ ယာယီပြောင်းရွှေ့နေထိုင်သည့် ဝန်ထမ်းများ၏ လတ်တလော စားသောက်ရေးကိစ္စရပ်များကိုလည်း ဝန်ကြီးဌာန၊ ဦးစီးဌာန၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ပြည်တွင်း ပြည်ပအလှူရှင်များ၊ အဖွဲ့အစည်းများ၏ ကူညီလှူဒါန်းမှုများဖြင့်လည်းကောင်း အတတ်နိုင်ဆုံး ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ဝန်ထမ်းများ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို စနစ်တကျ ဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ကြရန်လိုအပ်ကြောင်း၊ ဝန်ထမ်းအိမ်ရာများ ပြိုကျပျက်စီး၍ လတ်တလော ယာယီရွှေ့ပြောင်းနေထိုင်ရသည့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများအား မိုးရာသီမတိုင်မီ လုံခြုံမှုရှိသည့် အမိုးအကာအောက်ရောက်ရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

## ညှိနှိုင်းဆောင်ရွက်

ထို့နောက် ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် လတ်တလော ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုအတွက် နေထိုင်စားသောက်ရေး၊ အုပ်ချုပ်ထောက်ပံ့ဆောင်ရွက်ပေးထားမှု၊ သောက်သုံးရေဖြန့်ဝေပေးနေမှု၊ ဦးစီးဌာနအလိုက် ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံ၊ ရုံးသုံးစက်ကိရိယာများ၊ ပရိဘောဂများ၊ ပစ္စည်းများ၊ မော်တော်ယာဉ်များ ပျက်စီးမှုစာရင်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းပျက်စီးမှုစာရင်းများအား အမြန်ဆုံးကောက်ယူပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအမံများ၊ ဦးစီးဌာနအလိုက် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများအား ယာယီပြောင်းရွှေ့နေထိုင်ရေးနှင့် အုပ်ချုပ်ထောက်ပံ့ကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးထားမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စွမ်းအင်ဝန်ကြီးဌာနမှ သဘာဝမြေငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များအား ထောက်ပံ့ငွေများ ပေးအပ်

နေပြည်တော် ဧပြီ ၂

စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် မြေငလျင်ဘေးဒဏ်ခံစားခဲ့ရသော စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက်ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက စွမ်းအင်ဝန်ကြီးဌာန နေပြည်တော်တွင် ကျင်းပသည်။



အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံးညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မိမိတို့ မူလတာဝန်ဝတ္တရားများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိသည့်အပြင် တစ်ချိန်တည်းမှာပင် မြေငလျင်ဘေးဒဏ်ခံစားခဲ့ရသော စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများနှင့် မိသားစုဝင်များအား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို လျှော့ပါးသက်သာစေရန် လိုအပ်သလို အားပေးထောက်ပံ့ ကူညီလျက်ရှိရာတွင် ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲများ ဦးဆောင်သော ပေါင်းစပ်ညှိနှိုင်းရေးနှင့်ဆက်ဆံပြန်ကြားရေး ဆပ်ကော်မတီ၊ စာရင်းဇယားများပြုစုရေး၊ အလှူငွေနှင့် ပစ္စည်းလက်ခံရေး ဆပ်ကော်မတီ၊ ပြန်လည်နေရာချထားရေးနှင့် ပစ္စည်းများထောက်ပံ့ရေးဆပ်ကော်မတီ၊ သောက်ရေ/သုံးရေဖြန့်ဝေရေး ဆပ်ကော်မတီ၊ ယာယီကယ်ဆယ်ရေးစခန်း တည်ဆောက်ရေးနှင့် အဆောက်အဦပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီနှင့်ရုံးဌာနများ၊ ဝန်ထမ်းအိမ်ရာများနှင့် အဆောက်များလုံခြုံရေးဆပ်ကော်မတီ စသည့်ကော်မတီ (၆)ရပ် ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် တတ်စွမ်းသလောက် စနစ်တကျ၊ စည်းစည်းလုံးလုံးဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းမိသားစုများ ရွှေ့ပြောင်းရေးကိစ္စများ ဆောင်ရွက်ရာတွင် ဦးစားပေးအဆင့်အလိုက် စနစ်တကျ စီမံဆောင်ရွက်ကြရန် လိုကြောင်း၊ မိမိတို့ ဆောင်ရွက်နေမှုများနှင့် ဆက်သွယ် ဆောင်ရွက်ရမည့် အရေးပေါ် ဖုန်းနံပါတ်များကိုလည်း ဝန်ထမ်းမိသားစုများ အားလုံးကို သိရှိအောင် အသိပေးဖြန့်ဝေ ဆောင်ရွက်ခြင်းအားဖြင့် အချိန်နှင့်တစ်ပြေးညီ အားလုံးပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာကော်မတီများအနေဖြင့် လုပ်ငန်းဆောင်ရွက်ချက် တိုးတက်မှုအခြေအနေများနှင့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြကြရန်ဖြစ်ကြောင်း ပြောကြားသည်။

## ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ သက်ဆိုင်ရာ ဆပ်ကော်မတီများမှ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ဌာနဆိုင်ရာအကြီးအကဲများမှ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက သဘာဝမြေငလျင်ဘေးဒဏ်ခံစားခဲ့ရသည့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်း ၁၆၀၉ ဦးနှင့် မိသားစုဝင်များအတွက် ဝန်ထမ်းတစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ကျပ်သိန်းပေါင်း ၁၆၀၉ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဆန်၊ ဆီ၊ ဆား စသည့် ကုန်မျိုးစုံများအား သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့် ကုန်မျိုးစုံပါဝင်သော ဈေးကားခြောက်စီးသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ လျှော်ဘေးသင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်ကစတင်ကာ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

မတ် ၃၀ ရက်မှ ဧပြီ ၂ ရက်အထိ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ မနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာနှင့် နေပြည်တော်ကောင်စီဝန်ထမ်းအိမ်ရာတို့ရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ဆံ့ (မနောသုခ) ၃၅၇၅ အိတ်၊ ဆန်ငါးပြည်ဆံ့ (ဖျာပုံပေါ်ဆန်း) အိတ် ၁၂၀၊ ဆီ ပိဿာချိန် ၅၆၀၀၊ ဆား ၅၀ ကျပ်သားပါအိတ် ၁၆၀၀၊ ဆား ၂၅ ကျပ်သားပါအိတ် ၁၉၀၀၊ ငါးပိ ၂၀ ကျပ်သားပါဘူး ၉၁၀၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၁၀၀၀၊ ခေါက်ဆွဲခြောက်အထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။



သတင်းစဉ်

# အင်အားပြင်းငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ကူညီကယ်ဆယ်ရေးဆောင်ရွက်လိုသည့် မည်သည့်အဖွဲ့အစည်းပင်ဖြစ်စေ လုပ်ထုံးလုပ်နည်းနှင့်အညီ အကြောင်းကြားသတင်းပို့လာပါက နိုင်ငံတော်အစိုးရအနေဖြင့် ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခြင်း

နေပြည်တော် မေ ၂

နိုင်ငံတော်အနေဖြင့် လက်ရှိဖြစ်ပေါ်ခဲ့သည့် အင်အားပြင်းမြေငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီများအားလက်ခံ၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့ပစ္စည်းများ လက်ခံသည့်လုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနိုင်ငံများမှ သံရုံးများ၊ စစ်သံရုံးများမှတစ်ဆင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်သွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ လက်ရှိ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြလျက်ရှိသည့် တရုတ်ကြက်ခြေနီအသင်း ယာဉ်တန်းပစ်ခတ်ခံရမှုနှင့်ပတ်သက်၍ ၎င်းအဖွဲ့အနေဖြင့် မိမိတို့နိုင်ငံ၏ သက်ဆိုင်ရာသံရုံး၊ စစ်သံရုံးများကို ဆက်သွယ်ခဲ့ခြင်းမရှိခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

ဖြစ်စဉ်အနေဖြင့် နောင်ချိုမြို့နယ် အုန်းမတီးကျေးရွာအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၎င်းနေရာသည် တပ်မတော်နှင့် TNLA အကြမ်းဖက်သောင်းကျန်းသူများ ထိတွေ့တိုက်ပွဲဖြစ်ပွားနေသည်ကို သတင်းစာမျက်နှာများတွင် အများပြည်သူများ မြင်တွေ့ကြရမည်ဖြစ်သည်။ ယခုဖြစ်စဉ်မှာ မေ ၁ ရက် ည ၉ နာရီခန့်တွင် မော်တော်ယာဉ် ကိုးစီးခန့်ပါဝင်သည့်ယာဉ်တန်းသည် နောင်ချိုမြို့ဘက်မှ ထွက်ခွာလာခဲ့ပြီး အုန်းမတီးရွာအနီးအရောက်တွင် တပ်မတော်လုံခြုံရေးအဖွဲ့များမှ လိုအပ်သည့် လုံခြုံရေးဆိုင်ရာ စစ်ဆေးမှုများဆောင်ရွက်နိုင်ရေး မီတာ ၂၀၀ ဝန်းကျင်အကွာမှစ၍ တားဆီးခဲ့ရာ ရပ်တန့်ခဲ့ခြင်းမရှိသောကြောင့် မီတာ ၁၀၀ ခန့်အကွာသို့အရောက်တွင် သေနတ်အား မိုးပေါ်ထောင်၍ သုံးချက်ပစ်ဖောက်ခဲ့သဖြင့် အဆိုပါယာဉ်တန်းမှာ နောင်ချိုမြို့ဘက်သို့ ပြန်လှည့်သွားခြင်းဖြစ်သည်ကို တွေ့ရှိရသည်။




အထက်ပါဖြစ်စဉ် မတိုင်မီ Blue Sky ကူညီကယ်ဆယ်ရေးအသင်းအဖွဲ့သည်လည်း ကုန်းလမ်းကြောင်းမှဝင်ရောက်လာခြင်းဖြစ်ပြီး ယင်းအဖွဲ့သည် နိုင်ငံတကာတွင်လည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့်အသင်းလည်းဖြစ်သည်။ အဆိုပါ တရုတ်နိုင်ငံမှ Blue Sky ကူညီကယ်ဆယ်ရေးအဖွဲ့သည် မတ် ၃၁ ရက်တွင် ထွက်ခွာလာခဲ့ပြီး ည ၁၀ နာရီခွဲတွင် ဝက်ဝံဂိတ်၊ ည ၁၁ နာရီတွင် ၁၆ မိုင် ဂိတ်တို့သို့ရောက်ရှိခဲ့ကာ မန္တလေးမြို့သို့ ဧပြီလ ၁ ရက် မနက် ၁ နာရီမထိုးမီ ရောက်ရှိခဲ့ပြီး အဆိုပါအဖွဲ့အတွက် လုံခြုံရေးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လမ်းတစ်လျှောက် ဆောင်ရွက်ပေးခဲ့ပြီး မန္တလေးမြို့အထိ အန္တရာယ်ကင်းစွာ ရောက်ရှိခဲ့ကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသိပေးခြင်း၊ အကြောင်းကြားခြင်းများ ဆောင်ရွက်ရခြင်းဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့် ယခုအချိန်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်နေရသည့်အပြင် လက်နက်ကိုင်သောင်းကျန်းသူများ၏ အန္တရာယ်လည်းရှိသည့်အတွက် လက်နက်ကိုင်အဖွဲ့များ၏ နိုင်ငံရေးအမြတ်ထုတ်လိုမှုများရှိသောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အကောင်းဆုံးဖြစ်စေရေး ချိန်ဆ၍ ဆောင်ရွက်နေရသည်။

အဆိုပါ ယာဉ်တန်းပစ်ခတ်ခံရသည်ဆိုသည့်ကိစ္စနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့်သာမက တာဝန်ရှိသူများကပါ စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ အချို့မီဒီယာများတွင် ယာဉ်တန်းပစ်ခံရသည့် ဖြစ်စဉ်၌ မော်တော်ယာဉ်ပုံများသည် မြန်မာနိုင်ငံမှ မော်တော်ယာဉ်နံပါတ်များပါသည့် ကုန်တင်ကားများဖြစ်သည်ကို တရုတ်ကြက်ခြေနီအသင်းဟု စွပ်စွဲရေးသားထားသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် အခက်အခဲများဖြစ်ပေါ်နေချိန်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စာနာထောက်ထားပေးခြင်း၊ ထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်ပေးကြသည့် အဖွဲ့အစည်းများ နိုင်ငံများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကြိုတင်အကြောင်းကြားခြင်း၊ အသိပေးခြင်းများ၊ လုံခြုံရေးအကူအညီရယူဆောင်ရွက်ခြင်းတို့အား ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်အတွက်လည်း မေတ္တာရပ်ခံလိုပါသည်။ ယခုလက်ရှိတွင် တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ယူအေအီး၊ လာအို၊ ဘယ်လာရုစ်၊ အင်ဒိုနီးရှား၊ ဘူတန်၊ ဖိလစ်ပိုင်၊ ဂျပန်၊ တရုတ်(ဟောင်ကောင်) စသည့် နိုင်ငံပေါင်း ၁၅ နိုင်ငံမှ လေကြောင်းမှ ကူညီထောက်ပံ့မှု လေယာဉ် ၅၃ စီး၊ ကယ်ဆယ်ရေးဝန်ထမ်းပေါင်း ၁၉၁၅ ဦး ရောက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကာ ထောက်ပံ့ရေးပစ္စည်းတန်ချိန် ၃၅၄ တန်ကျော် ကယ်ဆယ်ရေးပစ္စည်းတန်ချိန် ၄၉၅ တန်ကျော် ရောက်ရှိပြီးဖြစ်ပါသည်။

ပြည်ဖျက်မီဒီယာများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသည့် အဖွဲ့အစည်းများ၏ ကောလာဟလသတင်းထုတ်လွှင့်ချက်များကို ပြည်သူများအနေဖြင့် အထူးဂရုစိုက်ကြရန်လိုပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် ပါဝင်ဆောင်ရွက်လိုသည့် မည်သည့်အဖွဲ့အစည်းပင်ဖြစ်စေ လုပ်ထုံးလုပ်နည်းများအတိုင်း အကြောင်းကြားသတင်းပို့လာပါက နိုင်ငံတော်အစိုးရအနေဖြင့် အမြဲတမ်းလက်ကမ်းကြိုဆိုသွားမည်ဖြစ်ကြောင်းနှင့် ကြုံတွေ့နေရသည့် သဘာဝဘေးဒဏ်အား အစိုးရ၊ ပြည်သူ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာမှကူညီမှုများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ငလျင်ဘေးဒဏ်သင့်ဒေသများတွင် ကယ်ဆယ်ရေးယန္တရားများအတွက် ရောဝတီဖောင်ဒေးရှင်းနှင့် Max Energy တို့ပူးပေါင်း၍ စက်သုံးဆီများ အခမဲ့ထောက်ပံ့

ရန်ကုန် မေ ၂

ငလျင်ဘေးဒဏ်သင့် ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်လျက်ရှိသည့် ရောဝတီဖောင်ဒေးရှင်းနှင့် Max Energy တို့ပူးပေါင်း၍ မေ ၁ ရက်က စက်သုံးဆီများ နေရာအရောက် အခမဲ့ လိုက်လံထောက်ပံ့ပေးလျက်ရှိသည်။

**ထောက်ပံ့ပေးလျက်ရှိ**

ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များ၏ စက်ယန္တရားများ၊ မော်တော်ယာဉ်များ၊ မီးစက်များ၊ မီးသတ်ယာဉ်များ၊ ကယ်ဆယ်ရေးယာဉ်များအတွက် စက်သုံးဆီများကို ရောဝတီဖောင်ဒေးရှင်းနှင့် Max Energy တို့ပူးပေါင်း၍ ကယ်ဆယ်ရေး လုပ်ငန်းခွင်များ အရောက် ဆီဘောက်စာများဖြင့် အခမဲ့လိုက်လံပို့ဆောင် ထောက်ပံ့ပေးလျက်ရှိပြီး ကယ်ဆယ်ရေး လုပ်ဆောင်နေကြသူများအတွက် သောက်သုံးရေနှင့် အစားအသောက်များ လှူဒါန်းသည်။




ရောဝတီဖောင်ဒေးရှင်းနှင့် Max Energy တို့ပူးပေါင်း၍ ကယ်ဆယ်ရေးစက်ယန္တရားများအတွက် စက်သုံးဆီများကို ဆီဘောက်စာများဖြင့် အခမဲ့လိုက်လံပို့ဆောင်ပေးနေစဉ်။

**အခမဲ့ကူညီပေး**

ရောဝတီ ဖောင်ဒေးရှင်းသည် ငလျင်ဘေးဒဏ်ကြုံတွေ့ခဲ့ရသည့် နေပြည်တော်ရှိ ဒေသခံပြည်သူများအတွက် လိုအပ်သော ဆန်၊ ခေါက်ဆွဲခြောက်၊ စားသောက်ကုန်များ၊ သောက်သုံးရေသန့်များ ပံ့ပိုးပေးခြင်း၊ ယာယီနေထိုင်နိုင်ရန်အတွက် Tent များ တည်ဆောက် ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် နေပြည်တော်အတွင်းရှိ လမ်းများအတွက် ရောဝတီဖောင်ဒေးရှင်းက စက်ယာဉ်ယန္တရားများဖြင့် ပြုပြင်ဆောင်ရွက်ခြင်း၊ မြေကျွံသွားသောနေရာများအား မြေပြန်ဖို့ပေးခြင်းများကိုပါ ဆောင်ရွက်ပေးလျက်ရှိသည်။ ရောဝတီဖောင်ဒေးရှင်းသည် မန္တလေးမြို့တွင်လည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဒေသခံ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ စက်ယန္တရားများ၊ အတွေ့အကြုံရှိ Operator များ ပံ့ပိုးကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော စက်ယာဉ်ယန္တရားများနှင့် လူနာတင်ယာဉ်များအတွက် စက်သုံးဆီများကို Max Energy ဆိုင်များမှတစ်ဆင့် အခမဲ့ကူညီပေးလျက်ရှိပြီး ငလျင်ဒဏ်ကြောင့် ဖြစ်ပွားခဲ့သည့် မန္တလေးမဟာမြတ်မုနိစောင်းတန်း ပျက်စီးမှုများအား ရှင်းလင်း ဖယ်ရှားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-ကိုမိုး

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီးအတွင်း အင်အားပြင်းမြေငလျင်နှင့် နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ရှားမှုကြောင့် ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဆေးအကူအညီပေးရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။




အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်သွားနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ပြိုကျပျက်စီးသွားသည့် အဆောက်အအုံများ ရှင်းလင်းရေး၊ အန္တရာယ်ရှိ အဆောက်အအုံများကို ဖျက်ဆီးရှင်းလင်းရေးများကို အမြန်ဆုံး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ မဆောင်ရွက်မီ၊ ဆောင်ရွက်စဉ်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ထူးခြားမှုဖြစ်စဉ်များနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ချက်ချင်းတင်ပြသွားရန်တို့ကို အလေးထားဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးမှာကြားပြီးနောက် တက်ရောက်လာသူများ၏ တင်ပြဆွေးနွေးအကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိရာ ဉရောပအာရှ အဖျော်ယမကာ ကုမ္ပဏီလီမိတက်(EABC Co.,Ltd.)မှ အလှူငွေကျပ် သိန်း(၂၀၀၀)တိတိကို လာရောက်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က လက်ခံ၍ ကျေးဇူးတင်စကား ပြောကြားပြီးနောက် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ-ဝ




## Soft Skills သင်တန်း ဖွင့်လှစ်

**ပြင်ဦးလွင် ဧပြီ ၂**

နွေရာသီကျောင်းပိတ်ရက်များအတွင်း ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) Soft Skills သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပရာ ရှေးဦးစွာ စာရေးဆရာ ကိုရွှေအောင်သင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ သင်တန်းနည်းပြအဖြစ် ဦးအောင်မျိုးပိုင် (Human Resource Management Consultant) က Soft Skills / Hard Skills နှင့် ပတ်သက်သော အကြောင်းအရာများ၊ Communication Skills၊ Presentation Skills ၊ Interpersonal Skills ၊ အချိန်ကို အကျိုးရှိအောင် အသုံးချပုံ၊ဖိအားများအောက်တွင် အလုပ်လုပ်နိုင်သည့် စွမ်းရည်များ၊ အလုပ်နှင့် ပတ်သက်သော ကျင့်ဝတ်ဆိုင်ရာများ၊ အဖွဲ့အစည်းနှင့် လုပ်ကိုင်တတ်သော လူတစ်ယောက်ဖြစ်စေရန် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ မိမိလုပ်ကိုင်နေသော အသင်းအဖွဲ့များနှင့် လိုက်လျောညီထွေမှုရှိအောင် နေထိုင်နည်းများနှင့် အလုပ်တစ်ခုလုပ်ကိုင်သည့်အခါ မိမိကိုယ်ကို ယုံကြည်မှုအပြည့်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည့် အချက်များ အစရှိသည်တို့ကို သင်ကြားပို့ချသွားမည် ဖြစ်သည်။

အဆိုပါ Soft Skills သင်တန်းအား ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၈ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး မတ် ၂၇ ရက်မှ ၃၀ ရက်အထိ လေးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**သွေးသွေး(ခရိုင်-ပြန်/ဆက်)**



## နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**မြစ်သား ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သီလင်းကျေးရွာအုပ်စု၊ ခန္တီလေးကျေးရွာ၌ နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ကြသည်။

ရှေးဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက ခန္တီလေးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊အသင်းသား၊ အသင်းသူများကို တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက စီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၉ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ခန္တီလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၂၉ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် ၁၈ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၈ ဒသမ ၆ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၅ ဒသမ ၉ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**(၄၄၅)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mongkol Visitstump နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**မန္တလေး ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mongkol Visitstump နှင့် အဖွဲ့အား ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံစဉ် ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mongkol Visitstump က အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီး ဧရိယာအတွင်း ဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့်ပတ်သက်၍ ကူညီရှာဖွေရေးအဖွဲ့များ၊ ဆေးအကူအညီပေးရေးအဖွဲ့များ စေလွှတ်ဆောင်ရွက်ပေးနိုင်ရန်နှင့် လိုအပ်သည့် အကူအညီများကို ပေးနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း ပြောကြားသည်။ **(ယာပုံ)**

ငင်းနောက်မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်က တိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများ၊ နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေမှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် ယခုကဲ့သို့ လာရောက်အားပေးကူညီမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပြီးနောက် နှစ်ဦးနှစ်ဖက်ချွေးထွေးစွာဖြင့် အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**



# နတ်မောက်မြို့၌ မြို့နယ်အဆင့် ဘာသာရပ်အလိုက်စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်

**နတ်မောက် ဧပြီ ၂**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများအား သင်ကြားရေး စွမ်းဆောင်ရည် မြင့်မားစေရန် ရည်ရွယ်၍ မြို့နယ်အဆင့် ဘာသာရပ်အလိုက် စွမ်းရည်မြှင့် သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်း)တို့တွင် ဖွင့်လှစ်သင်ကြားခဲ့သည်။

အဆိုပါသင်တန်း၌ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေးနှင့် ဒုတိယပညာရေးမှူး ဦးဘုန်းဟန်ဆန်းတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းပြဆရာ၊ ဆရာမ ၄၉၉ ဦးတို့အား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် နည်းပြဆရာ၊ ဆရာမ ၁၂ ဦးတို့က သင်ကြားပေးလျက်ရှိပြီး အခြေခံပညာအထက်တန်းကျောင်း(အောင်ဆန်း)၌ မူလတန်းပြဆရာ၊ဆရာမ ၈၆၅ ဦးတို့အား နည်းပြဆရာ၊ ဆရာမ ၂၀ ဦးတို့က သင်ကြားပို့ချပေးလျက်ရှိသည်။ မြို့နယ်အဆင့် ဘာသာရပ်အလိုက် စွမ်းရည်မြှင့်သင်တန်းအား ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံး တာဝန်ရှိသူထံမှ သိရသည်။

**(အောက်ပုံ)(၄၆၅)**



# (VDP)စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၁၄ ခု ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

**ပွင့်ဖြူ ဧပြီ ၂**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်အတွင်း ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း VDP စီမံကိန်း ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၁၄ ခုကို ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း VDP စီမံကိန်းဖြင့် သန့်ရှင်းသော မြေအောက်ရေသုံးစွဲနိုင်ရန် ဆိုလာရေသန့်စက်တပ်ဆင်ခြင်း လုပ်ငန်းနှစ်ခု၊ သွားလာရေးအဆင်ပြေစေရန် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းငါးခု၊ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ခုနစ်ခု၊ စုစုပေါင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၁၄ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း VDP စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာတစ်ရွာလျှင် VDP စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၅၀ စီထောက်ပံ့၍ ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီဆောင်ရွက်ပြီးစီးရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လိုအပ်သော နည်းပညာများကို ပံ့ပိုးကူညီပေးခဲ့ပြီး ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ဦးဆောင်၍ ၂၀၂၄ ခုနှစ် ဩဂုတ်လမှ စတင်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာလတွင် ဖွံ့ဖြိုးရေးလုပ်ငန်း ၁၄ ခုကို ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့သည်။

၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် ပွင့်ဖြူမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း VDP စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာများမှာ မင်းတဲကုန်းကျေးရွာ၊ ကလန်ကျေးရွာ ၊ ဒေးဒရဲကျေးရွာ၊ ရွာသာညွန့်ကျေးရွာ၊ ကမ်းဖြူကျေးရွာ ၊ ဖိုးပေါက်စုကျေးရွာ၊ ရွာသစ်ကလေးကျေးရွာ၊ သမုန်းကုန်းကျေးရွာ ၊ ကံလှကျေးရွာ၊ ရွှေလှေစုကျေးရွာ ၊ သက်သာပန်းတောင်းကျေးရွာ၊ သူဌေးကုန်းကျေးရွာတို့ဖြစ်ပြီး ယခုအခါ ကျေးရွာနေပြည်သူများ၏ စုပေါင်းအားဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၁၄ ခုကို အောင်မြင်စွာဆောင်ရွက်ပြီးစီးပြီဖြစ်၍ စုစုပေါင်းအိမ်ခြေ ၁၅၄၂ အိမ်၊ အိမ်ထောင်စု ၁၆၆၈ စု၊ လူဦးရေ ၆၆၉၁ ဦး အတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးလှငွေးမောင်ထံမှ သိရသည်။ **(ဝဲပုံ)**

**(၄၄၅)**



**အသက်သည် သွေး၊ သွေးသည် အသက်။**

# လျှင်ဘေးသင့် ပြည်သူများအတွက် လာရောက်လှူဒါန်းမှုများကို မြို့တော်ဝန်မှလက်ခံပြီး ဂုဏ်ပြုလွှာများပေးအပ်

**မန္တလေး ဧပြီ ၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးတွင် ဖွင့်လှစ်ထားသည့် ကွပ်ကဲရေးဌာနသို့ ငလျင်ဘေးသင့်သူများအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်သည့် ကွပ်ကဲရေးရုံးသို့ ဧပြီ ၂ ရက်က စေတနာအလှူရှင်များက လာရောက်လှူဒါန်းကြရာ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပေးအပ်သည်။

မတ် ၂၈ ရက်က အင်အားပြင်းသည့် ငလျင်လှုပ်ခဲ့ခြင်းကြောင့် မန္တလေး ၆ မြို့နယ်မှ ငလျင်ဘေးသင့် ပြည်သူများအတွက် စေတနာရှင်များက ကွပ်ကဲရေးရုံးသို့ အလှူငွေများနှင့် ထောက်ပံ့ရေးပစ္စည်းများ လာရောက်လှူဒါန်းမှုများကို မန္တလေးမြို့တော်ဝန်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားခဲ့ပြီး အလှူရှင်များအား ဂုဏ်ပြုလွှာများပေးအပ်ခဲ့သည်။

(ယာပုံ)

ယနေ့လာရောက်လှူဒါန်းသည့် အလှူရှင်များမှာ ဦးသန့်ဇော် (ရွှေချမ်းသာကုမ္ပဏီ)မှ ငွေကျပ်သိန်း ၃၀၀၊ ဦးဇာနည်ရန် မိသားစုမှ ငွေကျပ် ၅ သိန်း၊ JMB ဖောင်ဒေးရှင်း(ရန်ကုန်)မှ ငွေကျပ်သိန်း ၁၀၀၊ စေတနာရှင်တစ်ဦးက ငွေကျပ်သိန်း ၂၅၀၊ Daw HWAY YIN (မန္တလေး)မှ အလှူငွေကျပ်သိန်း ၁၀၀၊ မြန်မာ့အားမာန်ပူးပေါင်း ကယ်ဆယ်ရေးအဖွဲ့(ရန်ကုန်)မှ ငွေကျပ်သိန်း ၁၀၀၊ စုစုပေါင်းငွေကျပ် ၈၅၅ သိန်းနှင့် မန်နေဂျင်းဒါရိုက်တာ ဦးဇော်ရဲမင်းနှင့် ဒေါ်ပုလဲ(NUT HOUSE MYANMAR -ရန်ကုန်)မှ ငွေကျပ်သိန်း ၆၀၀ တန်ဖိုးရှိ မုန့်ကြွပ်နှင့် ရေသန့်တို့ကို လာရောက် လှူဒါန်းခဲ့ကြသည်။

ငလျင်ဘေးသင့် ပြည်သူများအတွက် လှူဒါန်းလိုသော စေတနာရှင်များ အနေဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် ယာယီဖွင့်လှစ်ထားသည့် ကွပ်ကဲရေးရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး လိုအပ်သော အကူအညီများလည်း တောင်းခံနိုင်ကြောင်း သိရသည်။(မန္တလေးနေ့စဉ်-၉)



# ကျုံးရေပြင်မှ ရေကိုသန့်စင်ပြီး ရေသန့်ထုတ်လုပ်၍ ငလျင်ဘေးသင့် ပြည်သူများအတွက် ရေသန့်သောက်သုံးနိုင်ရန် စီစဉ်ဆောင်ရွက်

**မန္တလေး ဧပြီ ၂**

ငလျင်ဘေးသင့် ပြည်သူများအတွက် သန့်ရှင်းသော ရေသန့်ကို လုံလောက်စွာ သောက်သုံးနိုင်ရန် ၂၂ လမ်းနှင့် လမ်း ၈၀(ကျုံးအနောက်ဘက်)တွင် ရေသန့်စက်တည်ဆောက်၍ ၄င်းနေရာ၌ သောက်သုံးရေပေးဝေသွားရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

"မန္တလေး ဇရိယာထဲက ငလျင်ဘေးကြောင့် ကျုံးဇရိယာဘေးမှာ လာနေကြတာဆိုတော့ အလွယ်တကူ သန့်စင်တဲ့သောက်သုံးရေရဖို့အတွက် ရေသန့်စက်တွေ စီစဉ်တာဖြစ်ပါတယ်။ ကျုံးရေကို ရေသန့်စက်နဲ့ သန့်စင်ပြီး ပေးဝေသွားမှာဖြစ်ပါတယ်" ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ (ယာပုံ)

ငလျင်ဘေးသင့်ပြည်သူများ အလွယ်တကူ သောက်သုံးရန်အတွက်စီစဉ်ခြင်းဖြစ်သည့် ရေသန့်စက်မှာ တစ်နာရီလျှင် လီတာ ၅၀ ထုတ်လုပ်နိုင်သော ရေသန့်စက်ဖြစ်ပြီး ၂၂လမ်းနှင့် လမ်း၈၀ (ကျုံးဘေး)တွင် တပ်ဆင်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် စမ်းသပ်မောင်းနှင်ခဲ့ကြောင်း၊ တစ်နာရီလျှင် ရေသန့် ၁၂ တန်ခန့် ထုတ်လုပ်နိုင်သော ရေသန့်စက်ကြီးဖြင့် ရေသန့်ဖြန့်ဝေပေးရေးအတွက် စီစဉ်နေသူများလည်းရှိသည်။

"ငလျင်ဒဏ်ရှောင်တဲ့သူတွေအတွက် အဆင်ပြေအောင် ဆောင်ရွက်တာဖြစ်ပါတယ်။ ကျုံးဘေးမှာက ငလျင်ရှောင်သူများတော့ ကျုံးတစ်ဖက်စီမှာ ရေသန့်စက်တွေထားရှိပြီး သောက်သုံးရေအလွယ်တကူရနိုင်အောင် စီစဉ်ဖို့လည်းရှိပါတယ်"ဟု ၄င်းက ဆက်လက်ပြောကြားသည်။



မြို့နေလူထု သုံးရေရရှိနိုင်ရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် မြို့ရေပေးဝေရေးစနစ်တွင် အဓိကစက်ရုံကြီး ၁၆ ရုံရှိရာ ယနေ့ဆိုလျှင် စက်ရုံ ၁၁ ရုံမောင်းနှင်နိုင်ပြီဖြစ်ရာ လက်ရှိအနေအထားတွင် ၇၀ ရာခိုင်နှုန်းခန့် ဖြန့်ဝေပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)



# နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့ရက် လှုပ်ရှားမှု ကံမမြို့၌ ပြုလုပ်

**ကံမ ဧပြီ ၂**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာ လှုပ်ရှားမှုအဖြစ် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်၊ မြန်မာ စံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်၊ ၀၂ စက္ကန့်တွင် ပြုလုပ်ခဲ့ကြသည်။

အဆိုပါ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာ လှုပ်ရှားမှုအဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချ၍ လွှင့်ထားသောအလံရှေ့တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဂါရဝပြုခြင်း၊ လှုပ်ရှားသွားလာနေသူများအနေဖြင့် ၄င်းအချိန်တွင် တစ်မိနစ်ငြိမ်သက်စွာ ရပ်တန့်၍ ဂါရဝပြုခြင်း၊ ၄င်းအချိန်တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေဖြင့် ဥသြဆွဲဂါရဝပြုခြင်း၊ သက်ဆိုင်ရာ ကိုးကွယ်ရာ ဘာသာအလိုက် ဘုရားစေတီများ၊ ဘုရားကျောင်းများ၊ ဝတ်ပြုနေရာများတွင် ဆုတောင်းမေတ္တာပို့သခြင်း၊ အန္တရာယ်ကင်းပရိတ်များ၊ ဆုတောင်းစာများ ရွတ်ဆိုခြင်းနှင့်အမျှအတန်းပေးဝေခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ)

**ဇော်ဝမ်းထွန်း(အောင်လံ)**

# မိုးစပါး ၃၂၈ ဧကအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ ၂၅ ရာခိုင်နှုန်း ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

**သရက် ဧပြီ ၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မိုးစပါး ၃၂၈ ဧကအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ ၂၅ရာခိုင်နှုန်း ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက စိုက်ပျိုးပညာပေးရန်နှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် မိုးစပါးများ အမြန်ဆုံးပြန်လည်စိုက်ပျိုးနိုင်ရေး ထိခိုက်ပျက်စီးခဲ့သော ပြန်လည်စိုက်ပျိုးဆောင်ရွက်ခဲ့သည့် မိုးစပါးစိုက်ဧကများအတွက် တစ်ဧကလျှင် ငွေကျပ်၂၀၀၀၀၀နှုန်းထောက်ပံ့ပေးရန်(၇၅ ရာခိုင်နှုန်း)ဖြစ်သောငွေကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အတိုးမဲ့ချေးငွေပေးရန်နှင့် (၂၅ရာခိုင်နှုန်း)ဖြစ်သောငွေကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ အခမဲ့ထောက်ပံ့ပေးအပ်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာထည့်သွင်းခြင်း၏ အကျိုးကျေးဇူးများအကြောင်း ပြောကြားသည်။

ထို့နောက် မိုးစပါး ထိခိုက်ပျက်စီးပြီး ပြန်လည်စိုက်ပျိုးခဲ့သောတောင်သူများအား ထောက်ပံ့ငွေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ကြပြီး တက်ရောက်လာသည့် တောင်သူများအား ပိုက်ဆံလျှော် မျိုးစေ့များပေးအပ်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

**ဇော်ထက်(သရက်)**



# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရထားလမ်းများ၊ လေဆိပ်များ၊ စစ်ကိုင်းတံတား(အင်းဝ)ပြိုကျမှုကြောင့် ရေလမ်းကြောင်းပိတ်ဆို့မှုများနှင့် ဆက်သွယ်ရေးစနစ် ချို့ယွင်းမှုများအား အမြန်ဆုံးပြင်ဆင်လျက် ပြန်လည်အသုံးပြုနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိ


ငလျင်ဒဏ်ကြောင့် ရထားသံလမ်းများ တွန့်ခေါက်ပျက်စီးမှုကို တွေ့ရစဉ်။


ငလျင်ဒဏ်ကြောင့် အဆောက်အအုံများပျက်စီးမှုကို တွေ့ရစဉ်။

**နေပြည်တော် ဧပြီ ၂**

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော ငလျင်ဒဏ်ကြောင့် နိုင်ငံ၏ အဓိကလေဆိပ်ကြီးနှစ်ခုဖြစ်သော နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၊ ကားလမ်းများ၊ ရထားလမ်းပိုင်းများနှင့် မန္တလေး-စစ်ကိုင်း လမ်းဟောင်းပေါ်ရှိ စစ်ကိုင်းတံတား(အင်းဝ)တို့ ပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့သဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ အတိုင်းအတာတစ်ခုအထိ ထိခိုက်မှု ကြုံတွေ့ခဲ့ရသည်။

**အင်တိုက်အားတိုက်ဆောင်ရွက်**

ရထားပို့ဆောင်ရေးကဏ္ဍ၏ အဓိကရထားလမ်းမကြီးဖြစ်သည့် ၃၈၆ မိုင် ရှည်လျားသော ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် ရထားလမ်းတာပေါင် နေရာ ၆၀ နှင့် ရထားတံတား ၁၁ စင်းတို့ ပျက်စီးထိခိုက်မှု ဖြစ်ပွားခဲ့သည်။ ထို့အပြင် ငလျင်ဒဏ်ကြောင့် ပျဉ်းမနားဘူတာ၊ ပျော်ဘွယ် ဘူတာနှင့် သာစည်ဘူတာတို့၏ ယာဒ်ဝင်းများနှင့် အချို့လမ်းပိုင်း နေရာများ၌ သံလမ်းများ တွန့်ခေါက်ပျက်စီးမှုများ၊ ရထားပြေးဆွဲခြင်းဆိုင်ရာ ထိန်းချုပ်မှုရုံးအဆောက်အအုံ ပျက်စီးမှုများ၊ သာစည်ဘူတာနှင့် ညောင်လွန့်ဘူတာတို့၏ ဘူတာအဆောက်အအုံ ပြိုကျပျက်စီးမှုများကြောင့် ရထားခရီးစဉ်များ ယာယီရပ်တန့်ထားရသည့်အတွက် မြန်မာ့မီးရထားအနေဖြင့် အဆိုပါပျက်စီး ချို့ယွင်းမှုများအား အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးပြုပြင် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်-ပဲခူး -တောင်ငူ- နေပြည်တော် လမ်းပိုင်းအား ဧပြီ ၅ ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်မည် ဖြစ်ပြီး နေပြည်တော်- သာစည်လမ်းပိုင်းအား ဧပြီ ၄ ရက်တွင်လည်းကောင်း၊ သာစည်-မန္တလေးလမ်းပိုင်းအား ဧပြီ ၅ ရက်တွင် လည်းကောင်း ဖွင့်လှစ်နိုင်ရေးအတွက် လူအင်အား၊ စက်ပစ္စည်း အင်အားများဖြင့် ထိရောက်သော ထောက်ပံ့မှုများ အသုံးချ၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

လေကြောင်း ပို့ဆောင်ရေး ကဏ္ဍတွင် ငလျင်ဒဏ်ကြောင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ လေကြောင်းထိန်းသိမ်းရေးမျှော်စင်နှင့် လေကြောင်း ဆက်သွယ်ရေး စနစ်ဆိုင်ရာ ဆက်စပ် အဆောက်အအုံများ ပြိုကျပျက်စီးမှုနှင့် ခရီးသည် နားနေဆောင်၏ အစိတ်အပိုင်း အချို့ ထိခိုက်ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့သည့်အတွက် လေကြောင်း ခရီးစဉ်များ ယာယီရပ်ဆိုင်းခဲ့ရပြီး အမြန်ဆုံး ပြန်လည်ပြုပြင်၊ တပ်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။ လေယာဉ်ပြေးလမ်း ထိခိုက်မှုမရှိသဖြင့် မတ် ၂၉ ရက်မှစ၍ ကယ်ဆယ်ရေးလေယာဉ် ခရီးစဉ်များအတွက် ပြန်လည်ဖွင့်လှစ်အသုံးပြုနိုင်ပြီ ဖြစ်သကဲ့သို့ ဧပြီ ၅ ရက်တွင် ပြည်တွင်း လေကြောင်းခရီးစဉ်များကိုလည်း အစောဆုံးပြန်လည်ပြေးဆွဲခွင့်ပြုပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အလားတူပင် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ လေယာဉ်ပြေးလမ်းပေါ်တွင် ချို့ယွင်းပျက်စီးမှု အနည်းငယ် ဖြစ်ပေါ်ခဲ့သောကြောင့် ပြုပြင်မွမ်းမံမှုများကို ထိရောက်စွာ ချက်ချင်းဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ပြေးလမ်း ပေ ၁၀၀၀၀ ကို ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်၍ ကယ်ဆယ်ရေး လေယာဉ်ခရီးစဉ်များအတွက် ပြန်လည်အသုံးပြုနိုင်ပြီဖြစ်သည်။ ပြည်တွင်း လေကြောင်းခရီးစဉ်များကိုလည်း ဧပြီ ၄ ရက်တွင် အစောဆုံး ပြန်လည်ခွင့်ပြုပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ရေကြောင်းပို့ဆောင်ရေးကဏ္ဍအနေဖြင့် မန္တလေး-စစ်ကိုင်းလမ်းဟောင်းပေါ်ရှိ စစ်ကိုင်းတံတား (အင်းဝ)၏ ခုံးတံတားသံပေါင်ခြောက်ခု ပြိုကျပျက်စီးခဲ့သောကြောင့် ရထားလမ်းနှင့် မော်တော်ကားလမ်းဆက်သွယ်မှု ပြတ်တောက်လျက်ရှိရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ဌာနပိုင်သင်္ဘောများဖြင့် မန္တလေးနှင့် စစ်ကိုင်းမြစ်ဆိပ်များသို့ ခရီးသည်နှင့် မော်တော်ယာဉ်များအား အခမဲ့ပြေးဆွဲခြင်းကို နေ့စဉ် ဆောင်ရွက်ပေးလျက် ရှိသည်။ လက်ရှိတွင် ခုံးတံတားသံပေါင် ပျက်စီးမှုမရှိသော တိုင်အမှတ် ၅ နှင့် အမှတ် ၆ အကြားရှိ ရေလမ်းကြောင်းအား ရေယာဉ်များ သွားလာရန် ခွင့်ပြုပေးထားသည့်အပြင် ပျက်စီးပြီး ရေထဲပြုတ်ကျနေသည့် ခုံးတံတား သံပေါင်များအား ဖယ်ရှား ရှင်းလင်းနိုင်ရန်အတွက် Survey လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ငလျင်ဒဏ် ထိခိုက်ခံခဲ့ရသည့် နယ်မြေများအတွင်း၌ ဆက်သွယ်ရေး စခန်း ၂၆၂၇၇ ခု ရှိသည့်အနက် ငလျင်ဒဏ်ကြောင့် ၆၇၃၀ တို့ ချို့ယွင်းပျက်စီးပြီး ဆက်သွယ်ရေး ပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ကျွမ်းကျင်ဝန်ထမ်းများ၊ အရန်စက်ပစ္စည်းများဖြင့် ကြိုးပမ်းဆောင်ရွက်မှုကြောင့် ပျက်စီးခဲ့သည့် စခန်းများအနက် ၃၃၀၀ ပြန်လည်ကောင်းမွန်လာပြီ ဖြစ်သည်။ ထို့အတူ ငလျင်ဒဏ်ကြောင့် အနည်းငယ် ပျက်စီးသည့် နေပြည်တော် ဝန်ကြီးရုံးရှိ e-Learning Center နှစ်ခု၊ အကြီးစားပျက်စီးခဲ့သည့် National Cyber Security Center အဆောက်အအုံနှင့် e-Government Data Center တို့အား အမြန်ဆုံး ပြန်လည်လည်ပတ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပြီး မကြာမီတွင် သတင်းအချက်အလက်နှင့် ဆိုက်ဘာ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်တော့မည် ဖြစ်သည်။

သို့ဖြစ်ပါ၍ ရထားလမ်းများ၊ လေဆိပ်များ၊ မြစ်ကြောင်း ပို့ဆောင်ရေးလုပ်ငန်း စသည့် ပို့ဆောင်ရေး ကွန်ရက်များနှင့် ဆက်သွယ်ရေး ကွန်ရက်များ၏ ချို့ယွင်းပျက်စီးမှုအခြေအနေများကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဦးစားပေးအလိုက် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးလျက်ရှိပါကြောင်းနှင့် ပြင်းထန်ငလျင်ဒဏ်ခံစားခဲ့ရသည့် ဒေသများနှင့် ဆက်စပ်ဒေသများသို့ မကြာမီတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ပုံမှန် ပြန်လည် လည်ပတ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## ချမ်းအေးသာစံမြို့နယ်ရှိ Golden City Hotel ၌ ပိတ်မိနေသည့် အမျိုးသားတစ်ဦးအား ငလျင်လှုပ်ပြီး ငါးရက်မြောက်နေ့တွင် အသက်ရှင်လျက် ကယ်ဆယ်ရရှိ

**နေပြည်တော် ဧပြီ ၂**

မတ် ၂၈ရက်တွင် အလွန် ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၃၁×၃၂ လမ်းကြား၊ ၆၅လမ်းရှိ Golden City Hotel ပြိုကျမှုတွင် ငါးရက်ကြာ ပိတ်မိနေသည့် ဟိုတယ် ဝန်ထမ်းဖြစ်သူ ဦးစန်းလွင် အသက် ၅၃နှစ်အား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မန္တလေး တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် တရုတ်နိုင်ငံ Blue Sky Rescue ရှာဖွေကယ်ဆယ်ရေး အဖွဲ့များနှင့် ပူးပေါင်း၍ နေ့မအား ညမနား အင်တိုက်အားတိုက် ကယ်ဆယ်ဆောင်ရွက်ခဲ့ရာ ယနေ့ ညနေ ၅နာရီ ၄၆မိနစ်တွင် အသက်ရှင်လျက်အောင်မြင်စွာ ကယ်ဆယ်



နိုင်ခဲ့ကြောင်းနှင့် မန္တလေးမြို့ မန္တလာဆေးရုံသို့ ဆက်လက်ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## စစ်ကိုင်းမြို့နယ် ပိုးတန်းရပ်ကွက် စွယ်တော်နန်းတည်းခိုခန်း၌ ပိတ်မိနေသည့် အမျိုးသားတစ်ဦးအား ငလျင်လှုပ်ပြီး ငါးရက်မြောက်နေ့တွင် အသက်ရှင်လျက် ကယ်ဆယ်ရရှိ

**နေပြည်တော် ဧပြီ ၂**

မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် စစ်ကိုင်းတိုင်း ဒေသကြီး စစ်ကိုင်းမြို့နယ် ပိုးတန်းရပ်ကွက် စွယ်တော်နန်းတည်းခိုခန်း RC သုံးထပ် အဆောက်အအုံပြိုကျမှုတွင် ငါးရက်ကြာ ပိတ်မိနေသည့် မူလတန်းကျောင်းအုပ်ဖြစ်သူ ဦးတင်မောင်ထွေး အသက် ၄၇ နှစ်အား စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းထွဋ်ဦး ဦးဆောင်၍ စစ်ကိုင်းခရိုင်/ မြို့နယ်မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် ပရဟိတရှာဖွေ ကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ မတ် ၃၀ ရက် နံနက် ၈ နာရီမှစတင်၍ နေ့မအား ညမနား အင်တိုက်အားတိုက် ကယ်ဆယ်ဆောင်ရွက်ခဲ့ရာ ရှာဖွေကယ်ဆယ်မှု ကြာချိန် ၇၈ နာရီ ၄၅ မိနစ်ခန့် ကြာမြင့်ခဲ့ပြီး ဧပြီ ၂ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် အသက်ရှင်လျက် အောင်မြင်စွာ ကယ်ဆယ်နိုင်ခဲ့ကြောင်းနှင့် စစ်ကိုင်းပြည်သူ့ဆေးရုံကြီး ခုတင် ၂၀၀ သို့ ဆက်လက်ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပြည်တွင်းအထူးရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂

ငလျင်ဘေးသင့်နေရာများတွင် ပြည်တွင်းအထူးရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များသည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်အလိုက် ယနေ့တွင် အချိန်နှင့်တစ်ပြေးညီ ဆက်လက်ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။



နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်မြို့နယ်၊ ရပ်ကွက်များ၌လည်း နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ ပြည်ပနိုင်ငံများမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်နှင့် ပူးပေါင်းတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဝန်ထမ်းများနှင့် တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းများသည် ယနေ့ နံနက်ပိုင်းမှစတင်၍ အဖွဲ့များခွဲကာ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ဟိုတယ်အေးချမ်းသာ ခြောက်ထပ်အဆောက်အအုံ ပြိုကျ၍ ပိတ်မိနေသူ အမျိုးသားနှစ်ဦးကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ တူကီယဲနိုင်ငံမှ GEA Search and Rescue အဖွဲ့ဝင်များနှင့် ဗီယက်နမ်နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့တို့ ပူးပေါင်း၍ အသက်ရှင်လျက် ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ CITIC Myanmar နှင့် တရုတ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းတို့က ပညာရေးဝန်ကြီးဌာနမှ ငလျင်ဘေးသင့် ဝန်ထမ်းများအတွက် ယာယီမိုးကာ တဲများပေးအပ်ခြင်းကို ယနေ့တွင် နေပြည်တော် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့ကြပြီး တာဝန်ရှိသူများက ယာယီမိုးကာတဲများကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်ထံ လွှဲပြောင်းပေးအပ်ကြသည်။

ထို့ပြင် နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့်အတူ ဆရာဝန်များ၊ သူနာပြုအဖွဲ့များသည် ရှာဖွေကယ်ဆယ်ရေးခွေးများ၊ အထောက်အကူပြုယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများနှင့် ပြည်တွင်းရှိ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ ဆေးဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့များသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရွှေ့လျားဆေးကုသယာဉ်အသုံးပြု၍ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးပို့ဆောင်ပေးခြင်း၊ သက်ကြီးရွယ်အိုများအား လုံခြုံစိတ်ချရသည့်နေရာများသို့ ရွှေ့ပြောင်းနေရာချထားပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် ယာယီမိုးကာတဲများ၊ ရွှေ့လျားရေသန့်မော်တော်ယာဉ်များ၊ အုပ်ချုပ်မှုနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စဖြေရှင်းနိုင်ရေး ယာယီရေကန်များ၊ ငလျင်ဘေးသင့် ပြည်သူများနှင့် ဝန်ထမ်းများ သက်သာချောင်ချိစွာ စားသောက်နိုင်ရေးအတွက် ရွှေ့လျားကုန်စိမ်း၊ ကုန်ခြောက်အရောင်း မော်တော်ယာဉ်များ ဆောင်ရွက်ပေးနိုင်ရေး စီစဉ်လျက်ရှိသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များအလိုက် လမ်း၊ တံတားများသည် ငလျင်ကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသဖြင့် အဆိုပါ လမ်းများအား ပြည်သူများ အမြန်ဆုံး အဆင်ပြေချောမွေ့စွာအသုံးပြုသွားလာနိုင်ရေးအတွက် ပြင်ဆင်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နေပြည်တော်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းများကို စေတနာရှင်ပြည်သူများ၊ အသင်းအဖွဲ့များက စားသောက်ကုန်များ၊ ရေသန့်ဘူးများ၊ အဝတ်အထည်များ၊ ဆေးဝါးများ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၈ ဒသမ ၂၂ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၄ ဒသမ ၈ သိန်းနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၅ ရက် ညနေ ၆ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် တောင်တော်ကျေးရွာ အုပ်စု ပဒုမ္မာကျေးရွာအနီးတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် တောင်တော် ကျေးရွာဘက်မှ မြစ်သားမြို့နယ် ရွာခိုင်ကြီး ကျေးရွာဘက်သို့ ရဲနိုင်ဦး၊ အောင်ငွေမိုး၊ ထွန်းလှိုင်နှင့် ရှိုင်းကိုဇင်တို့ လေးဦး ဆိုင်ကယ်လေးစီးဖြင့် သယ်ဆောင်လာသည့် ဆာလာအိတ် ၁၂ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃ ဒသမ ၉ သိန်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်အရ ယင်းနေ့ ည ၇ နာရီတွင် စိတ်ကြွရူးသွပ်ဆေးပြားများအား ရွှာင်မှ ကျောက်ဆည်သို့ သယ်ဆောင်ခိုင်းသူ လွမ်းဇော်(ခ) ကိုပွားနှင့် နောင်သျှမ်းဝင်းတို့ နှစ်ဦးအား ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာ အနီးတွင် ဆိုင်ကယ်တစ်စီးနှင့် လည်းကောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ရန်ကုန်တိုင်းဒေသကြီးသို့ တာဝန်ခံ သယ်ဆောင်သည့် ညီဝဏ္ဏနှင့် သိန်းလင်းကျော်တို့ နှစ်ဦးအား ရန်ကုန်-မန္တလေး လမ်းဟောင်း၊ လယ်ကြီးကျေးရွာ အနီးတွင် KLUGER ယာဉ် တစ်စီးနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်အရ ရှမ်းပြည်နယ် (တောင်ပိုင်း) ရွှာင်မြို့နယ်အနီး တောအတွင်းရှိ လျှိုမြောင်ထဲတွင် သိုဝှက်သိမ်းထားသည့် ဆာလာအိတ် ၁၅ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀ ဒသမ ၉ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ် ၈ ဒသမ ၂၂ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၄ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများမှာ သီပေါမြို့နယ် နားလွမ့်ကျေးရွာနေ အိုက်စိုင်း(ခ)အိုက်စံ(ခ)စိုင်းနောင့်မှ ညီဝဏ္ဏနှင့် သိန်းလင်းကျော်တို့အား ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ရန်ကုန်သို့ သယ်ဆောင်ခိုင်းခြင်း ဖြစ်ပြီး ညီဝဏ္ဏနှင့် သိန်းလင်းကျော်တို့မှ ရွှာင်မြို့နယ် ကျောက်ဂူပြင်ကျေးရွာနေ ဝင်းမင်းထက်(ခ) ငတစ်(ခ)သားတစ်အား ရွှာင်မှ ကျောက်ဆည်သို့ တောလမ်းမှ သယ်ဆောင်ခိုင်းခဲ့ခြင်းဖြစ်ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြား ၅၄ ဒသမ ၈ သိန်းအနက် သိန်း ၄၀ အား ရန်ကုန်မှ မင်းတုန်းသို့ သယ်ဆောင်ခိုင်းသူ အောင်သူရအား ရေဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်းသည် AA အကြမ်းဖက်အဖွဲ့သို့ ငွေကြေးထောက်ပံ့နေသူဖြစ်ကြောင်း၊ ၎င်း၏ စေခိုင်းချက်အရ ကျော်ခိုင်(ခ)ကျော်နိုင်(ခ)ဖြူသီး၊ ညီစန်းအောင်၊ အောင်ထွန်းလင်း(ခ)ညီညီနှင့် ဇော်နိုင်လင်းတို့သည် ရန်ကုန်မှ မင်းတုန်းသို့ စိတ်ကြွရူးသွပ်ဆေးပြားများအား အကြိမ်ကြိမ်ပို့ဆောင်ခဲ့ကြောင်း၊ အလားတူ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၈ သိန်းအား ရန်ကုန်မြို့တွင် လက်ခံသူ မျိုးမြင့်မောင်(ခ)မောင်မောင်နှင့် ထွေးမင်းခန့်(ခ)သားငယ်တို့အား မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက်တွင် TOYOTA SPRINTER ယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်များအရ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ခိုင်းသူမှာ ကျေးသီးမြို့နယ် ဝမ်စိမ်းကျေးရွာနေ မစိန်မေ(ခ)ယမင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေဖြင့် ဆက်လက် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား သယ်ဆောင်ရောင်းဝယ်ရာတွင် စီမံခန့်ခွဲသူ အိုက်စိုင်း(ခ)အိုက်စံ(ခ)စိုင်းနောင့် (သီပေါမြို့နယ်နေသူ)သည် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှု၊ အမှုကြီးခြောက်မှုမှ အလိုရှိ တရားခံပြေးဖြစ်ကြောင်းနှင့် ရန်ကုန်မြို့တွင် စိတ်ကြွရူးသွပ် ဆေးပြားများလက်ခံ၍ သယ်ဆောင်ရောင်းဝယ်သူ မျိုးမြင့်မောင်(ခ)မောင်မောင်သည်လည်း ၂၀၂၅ ခုနှစ်အတွင်း မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုမှ အလိုရှိတရားခံပြေးတစ်ဦးဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။ သတင်းစဉ်



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် အသုံးပြုသည့် ယာဉ်များကို တွေ့ရစဉ်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂

မတ် ၂၈ ရက် အင်အားပြင်းမြေငလျင် လှုပ်ရှားမှုကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့ သာမိုင်းခမ်းကျေးရွာရှိ သာမိုင်းခမ်း ရွှေချမ်းသာဘုရားကြီးနှင့် စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ ပြိုကျပျက်စီးမှုများအား ရှင်းလင်းဖယ်ရှား၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ဆောင်နေမှုများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ သာမိုင်းခမ်းမွေတော်ကျောင်းတိုက်ဆရာတော်အား ဖူးမြော်၍ သင်္ကန်း၊ လှူဖွယ်ပစ္စည်းနှင့် ဘုရားကြီးပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ထို့အပြင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အောင်ပန်းမြို့ ရေချိုကျေးရွာအုပ်စု ဇောတိရပ်ကွက်ရှိ မယ်ကောမိစေတီတော်နှင့် ကလောမြို့နယ် ရေယားကျေးရွာအုပ်စု ဝိဇ္ဇာတောင်ပေါ်ရှိ စေတီပုထိုးများ ပြိုကျပျက်စီးမှုများအား သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ဧပြီ ၁ ရက် ညနေပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းတွင် ယာယီဆေးရုံဖွင့်လှစ်၍ ငလျင်ဒဏ်သင့်ပြည်သူများအား ဘယ်လာရုစ်သမ္မတနိုင်ငံ ဆေးအကူအညီပေးရေးအဖွဲ့က ဆေးကုသပေးရန် ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် ဆေးကုသပေးနေမှု အခြေအနေများအား သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့ပြင် ကျောက်ဆည်တပ်နယ်မှ တာဝန်ရှိသူများကလည်း ကျောက်ဆည်မြို့တွင် ရောက်ရှိနေသည့် လာအိုနိုင်ငံမှ ဆေးအကူအညီပေးရေးအဖွဲ့က ပြည်သူ့ဆေးရုံတွင် ဆေးကုသပေးရန် ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် ဆေးကုသပေးနေမှု အခြေအနေများအား သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့အပြင် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ နည်းပညာတက္ကသိုလ်၊ ကျောက်သေတ္တာကျောက်ဆောင်ဘုရား၊ Bright Kids School နေရာများနှင့် ပလိပ်မြို့ရှိ ပညာစံအိမ် အထက်တန်းကျောင်းတို့အား အပျက်အစီးရှင်းလင်းဖယ်ရှား၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ဆောင်နေမှုများအားလည်းကောင်း၊ ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီး၌ လာအိုနိုင်ငံ ဆေးအကူအညီပေးရေးအဖွဲ့က ဆေးကုသပေးနေမှု အခြေအနေများအားလည်းကောင်း၊ စဉ့်ကိုင်မြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်းရှိ ပင်းချားတံတားအားလည်းကောင်း၊ တံတားဦးမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအားလည်းကောင်း၊ အင်းဝရှေးဟောင်းနယ်မြေရှိ သမိုင်းဝင်မဟာမုနိဘုရား၊ လေးထပ်ကြီးကျောင်း၊ ပြတိုက်၊ ဗားကရာကျောင်း၊ နန်းမြင့်မျှော်စင်၊ မယ်နုအုတ်ကျောင်း၊ အိုးထုတ္တန်းဆိပ်ကမ်းနှင့် မြို့ရိုးနေရာများအား သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့်အဖွဲ့များသည် မန္တလေးနန်းမြို့ရိုးအနောက်ဘက် လမ်း ၈၀ နှင့် တောင်ဘက် ၂၆ လမ်း လမ်းဘေးဝဲယာတွင် ငလျင်ဒဏ်သင့်ပြည်သူများ ယာယီနေထိုင်မှု အဆင်ပြေစေရန်ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်မှ ဆောက်လုပ်ပေးနေသည့် တဲများတွင် ဝင်ရောက်နေထိုင်နေသည့် ပြည်သူများအား သွားရောက်တွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်အားပေးစကား ပြောကြားပြီး သောက်ရေအဆင်ပြေစေရန်အတွက် ရေသန့်စက် နှစ်လုံး ဆောက်လုပ်နေသည့်နေရာများသို့လည်းကောင်း၊ မန္တလေးမြို့ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအားလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် အဆောက်အအုံများပြိုကျနေသည့် နေရာများအားလည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် မန္တလေးမြို့ မဟာမုနိဘုရားကြီးသို့ သွားရောက်၍ ဘုရားကြီးရင်ပြင်တော်တွင် ပြိုကျပျက်စီးမှုများအား ရှင်းလင်းဖယ်ရှားနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။ ထို့ပြင် ဘုရားကြီးရင်ပြင်၌ အပျက်အစီးများရှင်းလင်းစဉ် ရှာဖွေတွေ့ရှိရသော စိန်ဖူးတော်နှင့် ရတနာပစ္စည်းများအား တာဝန်ရှိသူများက ဘုရားကြီး၏ ဂေါပကထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်ကြသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ မြေငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော သမိုင်းဝင်လောကမာရဇိန်နန်းတော်ဦး စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်၍ ပြန်လည်တည်ထားကိုးကွယ်မည့် ထီးတော်များအား အမွေးနံ့သာရည်များ ပက်ဖျန်းကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် ကန်သာဇလီဝတ်ပြုကျောင်းအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များအား သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တောင်ငူမြို့ရှိ ပြည်သူ့ဆေးရုံ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိကာ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများအား တွေ့ဆုံအားပေးစကား ပြောကြား၍ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့အပြင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ရှိ ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် နေရာများ၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ရှေးဟောင်းသမိုင်းဝင် သီရိမင်္ဂလာ ရွှေချမ်းသာမွေတော်ဘုရားကြီး၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် နေရာများ၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် နေရာများ၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌လည်းကောင်း ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအလိုက် ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီး ခဲ့သည့် စေတီပုထိုးများ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများကလည်း ငလျင် ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများ စားသောက်ရေးအဆင်ပြေစေရေးအတွက် အစားအသောက်များ ချက်ပြုတ်၍ ထမင်း၊ ဟင်းများလှူဒါန်းခြင်း၊ သောက်ရေသန့်နှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းခြင်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်ရှိ အေးချမ်းသာဟိုတယ်တွင် ပိတ်မိနေသည့် အမျိုးသားနှစ်ဦးအား ပြင်းထန်ငလျင်လှုပ်ပြီး ငါးရက်မြောက်နေ့တွင် အသက်ရှင်လျက် ကယ်ဆယ်ရရှိ

နေပြည်တော် ဧပြီ ၂

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အေးချမ်းသာဟိုတယ်တွင် ပိတ်မိနေသည့် ဟိုတယ်ပြင်/ထိန်း ဝန်ထမ်းဖြစ်သူ အသက် ၂၆ နှစ်ရှိ နိုင်လင်းထွန်းအား မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ရှာဖွေကယ်ဆယ်ရေး (အထူး) တပ်ဖွဲ့ဝင်များနှင့် တူရကီယဲနိုင်ငံမှ GEA Search and Rescue အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဧပြီ ၁ ရက် ညနေ ၃ နာရီတွင် စတင်ပြီး ကယ်ဆယ်ရေး ဆောင်ရွက်ခဲ့ရာ ရှာဖွေကယ်ဆယ်မှု ကြာချိန် ကိုးနာရီခွဲကြာမြင့်ခဲ့ပြီး ည ၁၂ နာရီခွဲတွင် နိုင်လင်းထွန်းအား အသက်ရှင်လျက် အောင်မြင်စွာကယ်ဆယ်နိုင်ခဲ့သည်။ ၎င်းအား ပြင်းထန်ငလျင်လှုပ်ပြီး ငါးရက်မြောက်နေ့တွင် အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဟိုတယ်အတွင်း၌ အသက် ၂၆ နှစ်အရွယ် ထက်မောင်မောင်မှာလည်း ပိတ်မိကျန်ရှိနေသေးကြောင်း သိရှိရသည့်အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ရှာဖွေကယ်ဆယ်ရေး(အထူး) တပ်ဖွဲ့ဝင်များ၊ တူရကီယဲနိုင်ငံမှ GEA Search and Rescue အဖွဲ့ဝင်များနှင့် ဗီယက်နမ်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီမှစတင်၍ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ရှာဖွေကယ်ဆယ်မှုကြာချိန် ၃ နာရီ ၅၅ မိနစ်ခန့် ကြာမြင့်ခဲ့ပြီး မွန်းလွဲ ၁ နာရီ ၅၅ မိနစ်ခန့်တွင် မောင်ထက်မောင်မောင်အားအဆောက်အအုံအတွင်းမှ အသက်ရှင်လျက် အောင်မြင်စွာ ကယ်ထုတ်နိုင်ခဲ့ကြောင်းနှင့် ဆေးရုံသို့ ဆက်လက်ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



သတင်းစဉ်

# ဂျပန်နိုင်ငံ JICA မှ ဆရာဝန်များ၊ သူနာပြုဆေးအဖွဲ့များနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများရောက်ရှိ

**နေပြည်တော် ဧပြီ ၂**

နိုင်ငံတော် အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန် စုံစမ်းစစ်ဆေးပြီး အချိန်နှင့် တစ်ပြေးညီ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်သင့် ပြည်သူများအတွက် ဂျပန်နိုင်ငံ JICA မှ ဆရာဝန်များ၊ သူနာပြုဆေးအဖွဲ့များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများပါဝင်သော လေယာဉ်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။



အဆိုပါအဖွဲ့နှင့် ကယ်ဆယ်ရေး အထောက်အကူပြု ပစ္စည်းများတွင် ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ မိုးကာတဲများ၊ ဆေးရုံသုံးပစ္စည်းများ ၁၁၂၉.၁ kg ပါဝင်ပြီး ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး သန်းနိုင်ထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် အလှူပစ္စည်းများ လွှဲပြောင်း/လက်ခံရေး ကွပ်ကဲမှုအဖွဲ့(လေဆိပ်)တို့မှ လွှဲပြောင်းရယူပြီး ငလျင်ဒဏ်သင့် ဒေသများသို့ ဆောလျင်စွာ သွားရောက်နိုင်ရေး လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂**

ငလျင်ဘေးသင့် တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတွင် ယနေ့အထိ သေဆုံးသူ ၃၀၀၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၅၁၅ ဦးနှင့် ပျောက်ဆုံး သူ ၃၅၁ ဦး ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့် တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများမှ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ကာ သေဆုံးသူ ၅၈၂ ဦးကိုလည်း ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ နိုင်ငံပေါင်း ငါးနိုင်ငံမှ လေယာဉ်စင်း ရေ ခြောက်စင်းတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ဝင် ၅၅ ဦး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ချိန် ၃၅ ဒသမ ၅၀၅ တန် ရောက်ရှိခဲ့သည်။

ထိုသို့ ရောက်ရှိလာသည့် ပြည်တွင်းပြည်ပ အလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကို ဘေးသင့်ပြည်သူများလက်ဝယ် အမြန်ဆုံး ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများရောက်ရှိ

**နေပြည်တော် ဧပြီ ၂**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန် စုံစမ်းစစ်ဆေးပြီး အချိန်နှင့် တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ သက်ဆိုင်ရာနိုင်ငံများအလိုက် ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မြန်မာနိုင်ငံသို့ နေ့ရက်အလိုက် ရောက်ရှိကြသည်။

ယနေ့တွင် ဖိလစ်ပိုင်နိုင်ငံ၊ နီပေါနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဂျပန်နိုင်ငံမှ နီပွန်ဖောင်ဒေးရှင်း၊ တရုတ်နိုင်ငံယူနန်ပြည်နယ်အစိုးရ ကူမင်းမြို့မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့်အတူ ဆရာဝန်နှင့် သူနာပြုဆေးအဖွဲ့၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများသည် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိလာကြသည်။

ယနေ့ရောက်ရှိကြသည့် နိုင်ငံအလိုက်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုခဲ့ကြပြီး အဆိုပါကယ်ဆယ်ရေးအဖွဲ့များသည် အဖွဲ့များခွဲ၍ ငလျင်ဒဏ်သင့် ဒေသများရှိ ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် လေထုမငြိမ်မသက်မှု ဖြစ်ပေါ်နိုင်သော်လည်း အားကောင်းလာနိုင်မည့် အခြေအနေမရှိ


**နေပြည်တော် ဧပြီ ၂**

ကမ္ဘာ့လေထု၏ ဖြစ်စဉ်များကြောင့် မိုးလေဝသအခြေအနေများသည် အချိန်နှင့်အမျှပြောင်းလဲဖြစ်ပေါ်လျက်ရှိပါသည်။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အဆိုပါဖြစ်စဉ်များကို အချိန်နှင့်အမျှ စောင့်ကြည့်လေ့လာပြီး ခန့်မှန်းချက်၊ သတိပေးချက်နှင့် အခြေအနေသတင်းများကို ထုတ်ပြန်ပေးလျက်ရှိပါသည်။ လက်ရှိလေထုအခြေအနေများပေါ်အခြေခံ၍တွက်ချက်ထားသော သင်္ချာပုံစံပြုမော်ဒယ်လ်များ ဖြစ်သည့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ဧပြီ ၁ ရက် မြန်မာစံတော်ချိန် ဝ၆:၃ဝ နာရီ အချိန်ကို အခြေခံတွက်ထုတ်ထားသည့် သင်္ချာပုံစံပြုမော်ဒယ်လ်၏ ခန့်မှန်းချက်အရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လေထုမငြိမ်မသက်မှု ဖြစ်ပေါ်နိုင်သော်လည်း အားကောင်းလာနိုင်မည့် အခြေအနေမရှိဘဲ အနောက်ဘက်သို့ ရွေ့လျားနိုင်ကာ သီရိလင်္ကာနိုင်ငံအနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

အင်္ဂလန်နိုင်ငံ European Centre for Medium-Range Weather Forecasts (ECMWF) Data၏ ဧပြီ ၁ ရက် မြန်မာစံတော်ချိန် ဝ၆:၃ဝ နာရီ အချိန်ကို အခြေခံတွက်ထုတ်ထားသည့် သင်္ချာပုံစံပြုမော်ဒယ်၏ ခန့်မှန်းချက်အရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် ဧပြီ ၃ ရက်ခန့်တွင် ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် လေထုမငြိမ်မသက်မှု ဖြစ်ပေါ်နိုင်သော်လည်း အားကောင်းလာနိုင်မည့် အခြေအနေမရှိဘဲ အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံတောင်ပိုင်းအနီးသို့ ဦးတည် ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရပါသည်။

အမေရိကန်နိုင်ငံ National Hurricane Center မှ Global Forecasting Model (GFS) Data ၏ ဧပြီ ၁ ရက် မြန်မာစံတော်ချိန် ၁၈:၃ဝ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် တွက်ချက် ခန့်မှန်းမှုများအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် ဧပြီ ၄ ရက်နေ့ခန့်တွင် ကပ္ပလီပင်လယ်ပြင် တောင်ပိုင်း၌ လေထုမငြိမ်မသက်မှု ဖြစ်ပေါ်နိုင်သော်လည်း အားကောင်းလာနိုင်မည့် အခြေအနေမရှိဘဲ အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံတောင်ပိုင်းအနီးသို့ ဦးတည် ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၃၁-၃-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ဝ၆:၃ဝ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၅-၄-၂၀၂၅ ရက်နေ့ မြေပြင်လေတိုက်ခတ်မှုအခြေအနေနှင့် လေထုဖိအားပြပုံ**




သင်္ချာပုံစံပြုမော်ဒယ်များသည် ခန့်မှန်းသည့် ရက်ဝေးကွာပါက အသုံးပြုသည့် မော်ဒယ်အပေါ် မူတည်၍ ခန့်မှန်းချက်များ တစ်ခုနှင့်တစ်ခုမတူညီဘဲ မှန်ကန်နိုင်မှုမှာလည်း အလွန်နည်းတတ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ဆိုရှယ်မီဒီယာများနှင့် အွန်လိုင်းများတွင် လတ်တလော ထုတ်ပြန်နေသော အခြေအမြစ်မရှိသော ကောလာဟလသတင်းများကို မယုံကြည်ကြပါရန်နှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့်လည်း ပြောင်းလဲနေသော သင်္ချာပုံစံပြုမော်ဒယ်များ၏ ခန့်မှန်းချက်များနှင့် ခေတ်မီမိုးလေဝသတိုင်းတာရေး ကိရိယာများမှ တိုင်းတာရရှိသည့် အချက်အလက်များအပေါ်အခြေခံ၍ ခန့်မှန်းချက်များနှင့် သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ မြဝတီရုပ်မြင်သံကြား၊ မြန်မာ့ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းမီဒီယာများမှ တရားဝင်ထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။

**မိုး/ဇလ**

# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၅ ဦး ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၂

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်၍ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား ၃၇၅ ဦး မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးသည်။



အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေး၊ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ မှ မေ ၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၇၂၄ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၆၈၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၀၃၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသမီးငယ်များအား သွေးဆောင်ဖြားယောင်း၍ တရုတ်နိုင်ငံသို့ တရားမဝင်ပို့ဆောင်ပေးနေသည့် တရားခံနှစ်ဦးအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၂

မြန်မာအမျိုးသမီးငယ်များအား သွေးဆောင်ဖြားယောင်း၍လည်းကောင်း၊ ငွေကြေးမက်လုံးပေး စည်းရုံး၍လည်းကောင်းခေါ်ဆောင်၍ တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ရန် ပွဲစားများနှင့် ချိတ်ဆက်ပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်နေကြောင်း တာဝန်သိပြည်သူတစ်ဦး၏သတင်းပေးမှုအရ မတ် ၂၇ ရက်တွင် လုံခြုံရေးအဖွဲ့ဝင်များမှ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာ ကားကြီးဝင်းအတွင်းရှိ မြတ်မင်္ဂလာ မော်တော်ယာဉ်ဂိတ်၌ အမျိုးသမီးငယ်များအား သွေးဆောင်ဖြားယောင်း၍ တရုတ်နိုင်ငံသို့ လိမ်လည်ပို့ဆောင်နေသူ မြတ်သူအား အမျိုးသမီးငယ်တစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ မြတ်သူအား စစ်ဆေးချက်အရ အမျိုးသမီးများကို တရုတ်နိုင်ငံသို့ချိတ်ဆက်ပို့ဆောင်ပေးနေသည့် လူမှောင်ခိုပွဲစားဖြစ်သူ သန်းဌွေးဝင်း(ခ) သန်းဌွေးအား မတ် ၂၈ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ဈ) ရပ်ကွက် ခေမာသီလမ်းရှိ Relex မိုတယ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများအား စိစစ်ဖော်ထုတ်ချက်အရ မြတ်သူသည် Telegram မှတစ်ဆင့် ချစ်ကြိုက်ခဲ့သည့် အမျိုးသမီးငယ်နှင့်အတူ မတ် ၂၃ ရက်တွင် မြောက်ဥက္ကလာပမြို့နယ်ရှိ ရွှေပြည်စံတည်းခိုခန်း၌ တည်းခိုနေထိုင်ခဲ့ကြောင်း၊ ထိုသို့နေထိုင်စဉ် ငွေကြေးလိုအပ်ချက်ကြောင့် ၎င်းအမျိုးသမီးငယ်၏ နားကပ်အား ငွေကျပ် ၂၀၀၀၀၀ ဖြင့်လည်းကောင်း၊ လက်ကိုင်ဖုန်းအား ငွေကျပ် ၁၃၀၀၀၀ ဖြင့်လည်းကောင်း ရောင်းချသုံးစွဲခဲ့ကြောင်း၊ ၎င်းနောက် မတ် ၂၇ ရက်တွင် မူဆယ်မြို့နေ လူမှောင်ခိုပွဲစားဖြစ်သူ မီးမီးထံဆက်သွယ်၍ အမျိုးသမီးငယ်အား တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ရန် တရုတ်နိုင်ငံသို့ ပို့ဆောင်လိုကြောင်း ပြောဆိုခဲ့ရာ မီးမီးက ပွဲစားခအဖြစ် တရုတ်ငွေ ယွမ် ၂၀၀၀ နှင့် အမျိုးသမီးငယ်အတွက် တရုတ်ငွေ ယွမ် ၂၀၀၀၀ ရရှိမည်ဟု ပြန်လည်ပြောဆိုခဲ့ကြောင်း၊ ထို့နောက် မြတ်သူက အဆိုပါ အမျိုးသမီးငယ်အား မန္တလေးမြို့သို့လိမ်လည်ခေါ်ဆောင်၍ ၎င်းမှတစ်ဆင့် မူဆယ်မြို့သို့ ဆက်လက်ပို့ဆောင်ရန် စီစဉ်ခဲ့ကြောင်း သိရှိရသည်။

အလားတူ မြတ်သူသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ၎င်းနှင့် ချစ်ကြိုက်နေသည့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နေ အမျိုးသမီးတစ်ဦးအား ပြင်ဦးလွင်မြို့ရှိ အမေ့အိမ် တည်းခိုခန်းသို့ ခေါ်ယူပေါင်းသင်းခဲ့ကြောင်း၊ ၎င်းနောက် ပွဲစားဖြစ်သူ သန်းဌွေးဝင်း(ခ) သန်းဌွေး (ဖမ်းဆီးရမိ)နှင့် ဆက်သွယ်၍ ၎င်းအမျိုးသမီးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးရန် ပြောဆိုခဲ့ကြောင်း၊ ထို့နောက် ဖေဖော်ဝါရီ ၂၀ ရက်တွင် ၎င်းအမျိုးသမီးနှင့်အတူ ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ ပြန်လာခဲ့ပြီး ကျွဲဆည်ကန်ကားကြီးဝင်းအနီးရှိ Power Land တည်းခိုခန်း၌ တည်းခိုနေထိုင်ခဲ့ကြောင်း၊ မတ် ၁၁ ရက်တွင် သန်းဌွေးဝင်း(ခ) သန်းဌွေးက ၎င်းအမျိုးသမီးအား တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ရန် ငွေကျပ် သိန်း ၁၂၀ ဖြင့် ညှိနှိုင်းကာ မန္တလေးမြို့မှ မော်တော်ယာဉ်ဖြင့် မူဆယ်မြို့သို့ ပို့ဆောင်ခဲ့ပြီး တရုတ်နိုင်ငံ ရွှေလီမြို့သို့ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရှိရသည်။



အမျိုးသမီးငယ်များအား သွေးဆောင် ဖြားယောင်း၍ တရုတ်နိုင်ငံသို့ လိမ်လည် ပို့ဆောင်သည့် တရားခံ မြတ်သူ။



လူမှောင်ခိုပွဲစား တရားခံ သန်းဌွေးဝင်း(ခ) သန်းဌွေး။


လူမှောင်ခို ပွဲစားဖြစ်သူ သန်းဌွေးဝင်း(ခ)သန်းဌွေးသည် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်အထိ ဖမ်းဆီးရန်ကျန် လူမှောင်ခို ပွဲစားများဖြစ်သည့် ဇော်ထက်၊ သားကြီး၊ အခွန်၊ သူရဇော်တို့နှင့် ချိတ်ဆက်၍ အမျိုးသမီးငယ်နှစ်ဦးအား အလားတူ တရုတ်နိုင်ငံသို့ ပို့ဆောင်ခဲ့ပြီး တစ်ဦးလျှင် ငွေကျပ် သိန်း ၁၃၀ မှ ၁၄၀ အထိရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်ဖော်ထုတ်သိရှိချက်အရ အမျိုးသမီးငယ်များအား Telegram မှတစ်ဆင့် ဆက်သွယ်၍ ချစ်ကြိုက်ကြောင်း လိမ်လည်လှည့်ဖြား စည်းရုံးပြီး ငွေကြေးရယူလိုမှုဖြင့် သွေးဆောင်ဖြားယောင်းကာ တရုတ်နိုင်ငံသို့ လိမ်လည်ပို့ဆောင်နေသည့် တရားခံမြတ်သူနှင့် လူမှောင်ခိုပွဲစား သန်းဌွေးဝင်း(ခ) သန်းဌွေးတို့အား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေများနှင့်အညီ ထိထိရောက်ရောက် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော မီးမီး၊ ဇော်ထက်၊ သားကြီး၊ အခွန်နှင့် သူရဇော်တို့အား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

လူမှောင်ခိုပွဲစားများအနေဖြင့် မြန်မာအမျိုးသမီးငယ်များအား နည်းလမ်းမျိုးစုံဖြင့် စည်းရုံးသိမ်းသွင်း၍ တရုတ်ဇနီးမယားအဖြစ် ပေါင်းသင်းစေရန် တရုတ်နိုင်ငံသို့ ပို့ဆောင်နေမှုများအား ထိထိရောက်ရောက် တားဆီးနိုင်ရေးအတွက် သက်ဆိုင်ရာမှ အချိန်နှင့်တစ်ပြေးညီ သတင်းဖော်ထုတ်ဖမ်းဆီးလျက်ရှိသကဲ့သို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ပိုမိုအားကောင်းလာစေရေးအတွက် မိဘပြည်သူများမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

အမျိုးသမီးငယ်များအား သွေးဆောင်ဖြားယောင်း၍ တရုတ်နိုင်ငံသို့ တရားမဝင်ပို့ဆောင်ပေးနေသည့် တရားခံများ ဖမ်းဆီးရမိမှုဖြစ်စဉ်









## အာရှုဂျိအား ခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်းစီစဉ်

**ဘာစီလိုနာ မေ ၂**

မန်ချက်စတာယူနိုက်တက်အသင်းသည် ဘာစီလိုနာအသင်း နောက်ခံကစားသမား အာရှုဂျိအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၃ပွဲကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



နောက်ခံကစားသမား အာရှုဂျိကိုယ်တိုင်ကလည်း ဘာစီလိုနာအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုထားသော်လည်း လက်ရှိအချိန်အသင်းနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် ဘာစီလိုနာအသင်းထံမှ အာရှုဂျိအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဓဝံပုံ)(NGB)

## ကူဒက်စ်၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် ၈၅သန်းအဖြစ် ဝက်စ်ဟမ်းအသင်း သတ်မှတ်

**လန်ဒန် မေ ၂**

ဝက်စ်ဟမ်းအသင်းသည် အသင်းတိုက်စစ်မှူး ကူဒက်စ်၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် ၈၅သန်းအဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် အာဆင်နယ်၊ စပါးအသင်းအပါအဝင် ဆော်ဒီကလပ်အသင်းများစွာကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး ကူဒက်စ်သည် ဝက်စ်ဟမ်းအသင်းနှင့် အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၂ ပွဲကစားပြီး ၁၇ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဝက်စ်ဟမ်းအသင်းကလည်း ကူဒက်စ်အတွက် ၄င်းတို့သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေး အတိုင်းပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် အာဆင်နယ်၊ စပါးအသင်း အပါအဝင် ဆော်ဒီကလပ်အသင်းများအနေဖြင့် ဝက်စ်ဟမ်းအသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ကူဒက်စ်အား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ)(NGB)




## 2025 BMW Open
## တင်းနစ်ပြိုင်ပွဲ မေ ၁၄ ရက်တွင် စတင်မည်

**မြူနစ် မေ ၂**

ဂျာမနီနိုင်ငံ၊ မြူးနစ်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 BMW Open တင်းနစ်ပြိုင်ပွဲကိုလာမည့် ဧပြီ ၁၄ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2025 BMW Open တင်းနစ်ပြိုင်ပွဲကို ဧပြီ ၁၄ ရက်မှ ဧပြီ ၂၁ရက်အထိ ၈ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2025 BMW Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

BMW Open တင်းနစ်ပြိုင်ပွဲ ၏ လက်ရှိချန်ပီယံမှာ အိမ်ရှင် ဂျာမနီတင်းနစ်ကစားသမား Jan-Lennard Struff ဖြစ်သည်။

(အပေါ်ဓဝံပုံ)

(NGB)

## အင်္ဂလိပ်အက်ဖ်အေဖလား ချန်ပီယံဆုကို ဆွတ်ခူးရန် မန်ချက်စတာစီးတီးအသင်း ရေပန်းစား




**မန်ချက်စတာ မေ ၂**

အင်္ဂလိပ်အက်ဖ်အေဖလား ချန်ပီယံဆုကို ဆွတ်ခူးရန် မန်ချက်စတာစီးတီးအသင်းက ရေပန်းစားလျက်ရှိသည်။

မန်ချက်စတာစီးတီးအသင်းသည် အင်္ဂလိပ်အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်တွင် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် တွေ့ဆုံလျက်ရှိသည်။

မန်ချက်စတာစီးတီးအသင်း နည်းပြ ဂွါဒီယိုလာက "အသင်းအနေနဲ့ အခုလို ချန်ပီယံဆု ဆွတ်ခူးဖို့ ရေပန်းစားနေခြင်းအပေါ် ဝမ်းသာမိပါတယ်။ ချန်ပီယံဆု ဆွတ်ခူးနိုင်အောင်လည်းကြိုးစားသွားမှာပါ။ ယခုနှစ် ဘောလုံးရာသီမှာအသင်းအတွက် အင်္ဂလိပ်အက်ဖ်အေဖလားချန်ပီယံဆုကိုလည်း သေချာပေါက်ရ ယူပေးသွားမှာပါ"ဟု ပြောသည်။

မန်ချက်စတာစီးတီးအသင်းသည် အင်္ဂလိပ်အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် လာမည့် ဧပြီ ၂၆ရက်တွင် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(အပေါ်ဓဝံပုံ)(NGB)

## ကာကက်ဇ်အား ခေါ်ယူရန် လီဗာပူးအသင်း ဆွေးနွေး

**လန်ဒန် မေ ၂**

လီဗာပူးအသင်းသည် ဘုန်းမောက်အသင်း နောက်ခံကစားသမား ကာကက်ဇ်အား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၅ပွဲကစားပြီး ၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။




ဘုန်းမောက်အသင်းကလည်း ကာကက်ဇ်အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၅သန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် ဘုန်းမောက်အသင်းထံမှ ကာကက်ဇ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အပေါ်ပုံ)(NGB)




## ပီအက်စ်ဂျီအသင်းက Dunkerque အသင်းအား လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် မေ ၂**

COUPE DE FRANCE ဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ပီအက်စ်ဂျီအသင်းနှင့် Dunkerque အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပီအက်စ်ဂျီအသင်းက Dunkerque အသင်းအား လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ပီအက်စ်ဂျီအသင်းအတွက် အဖိုးတန် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၄၅မိနစ်နှင့် ၉၃မိနစ်တွင် ဒမ်ဘီလီ၊ ပွဲချိန် ၄၈မိနစ်တွင် မာကွင်ဟို့စ်၊ ပွဲချိန် ၆၂မိနစ်တွင် ဒီဆီရီးဒူးတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ပီအက်စ်ဂျီအသင်းထုတ်ပြန်ချက်တွင် "အခုလို ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့လို့ ဂုဏ်ယူမိပါတယ်။ ဗိုလ်လုပွဲအဆင့်မှာလည်း အနိုင်ရရှိပြီး ချန်ပီယံဆု ရယူနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ)

(NGB)

## အန်းဒရစ် ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာမည်

**မက်ဒရစ် မေ ၂**

ရီးရဲလ်မက်ဒရစ်အသင်း၏ လူငယ်တိုက်စစ်ကစားသမား အန်းဒရစ်သည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာသွားမည် ဖြစ်သည်။

အဆိုပါ လူငယ်တိုက်စစ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

လူငယ်တိုက်စစ်ကစားသမား အန်းဒရစ်သည် ယခုနှစ် ဘောလုံးရာသီတွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၈ပွဲ ကစားပြီး ၆ဂိုး သွင်းယူထားသည်။




ရီးရဲလ်မက်ဒရစ်အသင်းကလည်း အန်းဒရစ်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် အန်းဒရစ်အနေဖြင့် ယခုနှစ် ဘောလုံးရာသီအကုန်တွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိမည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ)(NGB)

## ဘောလုံးသတင်း အတိုအထွာများ

* ရိုးမားအသင်းတိုက်စစ်မှူး အေဘရာဟမ်အား ပရီးမီးယားလိဂ်ကလပ်အသင်းများစွာအပြင် ဆော်ဒီကလပ်အသင်းများကလည်း ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* မန်ချက်စတာယူနိုက်တက်အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည့် ကိုဘီမိုင်နူးအား ခေါ်ယူရန် ချဲလ်ဆီးအသင်းက စိတ်ဝင်စားလျက်ရှိသည်။

* ရီးရဲလ်မက်ဒရစ်အမျိုးသမီးအသင်းနှင့် ဆိုစီဒက်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားသည့် အမှတ်ပေးပွဲစဉ်မတိုင်မီ မြန်မာနှင့်ထိုင်း ငလျင်ကပ်ဘေးအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်ခဲ့ကြသည်။

(NGB)

# သတိပြုဖွယ် သတင်းနယ်ပယ် (၂၈)

ဖခင်ကြီးမှာ စာဖတ်ဝါသနာပါသူတစ်ဦးဖြစ်သည်။ မည်မျှ အလုပ်များများ မအားသည့်ကြားမှ စာဖတ်လေ့ရှိသည်။ ညပိုင်း အလုပ်ခွင်မှ အချိန်မတော်ပြန်ရောက်လာလျှင်လည်း စာအုပ်ကိုဖွင့်၍ ခဏဖြစ်ဖြစ် ဖတ်တတ်သည်။ ပြီးမှဘုရားရှိခိုး အိပ်ရာဝင်သော အလေ့ရှိခဲ့သည်။ တစ်ခါက မော်တော်ယာဉ်တွင် မာဇဒါဂျစ်တစ်စီး တစ်နေကုန်ပြင်သော်လည်း မပြီးသဖြင့် ကားကို အိမ်ရှေ့သို့ တွန်းလာစေပြီး တစ်ညလုံး ဘက်ထရီမီးထွန်း၍ တစ်ဦးတည်းပြင်ခဲ့သည်။ ညကိုးနာရီခန့်တွင် ညနေစာစားပြီး အလုပ်ဆက်လုပ်သည်။ အိပ်မပျော်သဖြင့် ဖခင်အလုပ်လုပ်သည့်အနားတွင် လိုအပ်သည်များကူညီရန် ထိုင်နေခဲ့သည်။ ထိုစဉ်က ကျွန်တော်မူလတန်းအရွယ်ဖြစ်၏။ ဖခင်လိုအပ်သော ကိရိယာ၊ ဥဆိုဒ်စုံများကိုကမ်းပေးနေခဲ့သည်။ ဖခင်က "သားရေ…အဖေ့ကို စားပွဲပေါ်က မိလိန္ဒပဉှာ စာအုပ်ယူပြီး ဘေးက ဖတ်ပြပေးပါလား။ အဖေစာဖတ်ဖို့ အချိန်မရှိလို့" ဟု တောင်းဆိုသဖြင့် အခင်းပေါ်တွင်ထိုင်၍ ဖခင်အား စာဖတ်ပြခဲ့သည်။ ထိုကဲ့သို့ မကြာခဏ ဖတ်ပြရသောကြောင့် ပါဠိစာသားတော်တော်များများကို မှန်ကန်အောင် ဖတ်တတ်ခဲ့သည်။ မှားယွင်းဖတ်မိကလည်း ဖခင်က အမှန်ပြင် ထောက်ပြသောကြောင့် ပို၍ ချောမွေ့စွာ ဖတ်တတ်လာခဲ့သည်။

ဖခင်၏ကျေးဇူးကြောင့် ပါဠိစာပေကို စိတ်ဝင်စားခဲ့သည် ဆိုက ပို၍မှန်ပေမည်။ ဖခင်ကစက်ပြင် ကျွန်တော်ကဘေးမှ စာဖတ်ပြရင်း ညဆယ်နာရီကျော်၍ ၁၁ နာရီပင် ထိုးတော့မည်။ ကျွန်တော်ကလည်း မအိပ်ချင်၊ စာအုပ်ဖတ်ပြရင်း စာထဲတွင်စိတ်ဝင်စားသွား၍ ဖြစ်သည်။ ထိုစဉ် တပ်ရေးဗိုလ်ကြီးနှင့် ဆရာကြီးနှစ်ယောက် ရောက်လာပြီး ဆရာကြီး မနားသေးဘူးလားဗျ၊ သန်းခေါင်ရောက်တော့မယ်ဟု ဆိုလာသည်။ ဖခင်က တစ်ပတ်ကြာလျှင် တပ်မှူးမိုးကုတ်တက်မည်ဖြစ်သဖြင့် ကားကိုစိတ်တိုင်းကျကိုင်နေကြောင်း မနက်ဖြန် စမ်းသပ်မောင်းနှင်နိုင်ရန် အသေးစိတ်ပြင်နေကြောင်း ရှင်းပြသည်။ တပ်ရေးဗိုလ်ကြီးက ကလေးစာဖတ်ပြနေသည်ကို ခပ်လှမ်းလှမ်းမှပင် ကြားနေရကြောင်း၊ ကင်းစစ်ရင်းမီးရောင်မြင်၍ ဝင်လာခဲ့ကြောင်း၊ ကလေးကဒီစာအုပ်တွေ ဖတ်ပြနိုင်၍ အံ့သြကြောင်း၊ အဖြတ်အတောက်ကစ မှန်ကန်ကြောင်းပြောပြီး ဘယ်အတန်းရောက်ပြီးလည်းမေးရာ သုံးတန်းကျောင်းသားဖြစ်ကြောင်း ဖြေခဲ့သည်။ မအိပ်ချင်သေးဘူးလားမေးရာ ဖခင်က သူကလည်း စာဖတ်ရရင် မအိပ်ချင်ဘူးဗျ။ ကျွန်တော့်လိုပဲ။ ကျွန်တော်အလုပ်လုပ်ရင်း စာဖတ်ချိန်မရရင် သားကဖတ်ပြတတ်တယ်။ နှစ်ယောက်လုံး စာဖတ်ပြီးဖြစ်တာပေါ့ဗျာဟု ပြောခဲ့သည်။ တပ်ရေးဗိုလ်ကြီးက မနက်ဖြန်ရုံးဘက်လာရင် ဦးရဲ့အခန်းလာခဲ့၊ ဖတ်စရာစာအုပ်တွေ ယူခဲ့မယ်ဟု မှာရင်းပြန်လည်ထွက်ခွာသွားသည်။ ထိုစဉ်က နွေကျောင်းပိတ်ရက်ဖြစ်သည်။ နွေကျောင်းပိတ်လျှင် မော်တော်ယာဉ်ဌာနတွင် ဆော့ကစားရင်းကူညီသည်။ တပ်ရင်းဆက်သွယ်ရေးရုံးခန်းတွင် သင်္ကေတစာရွက်လိပ်များကူရှင်းသည်။ လေ့ကျင့်ရေးသင်တန်းခန်းမတွင် စာသင်သည်များ နားထောင်ရင်းဆော့သည်။ ရဲဘော်များနားချိန်တွင် စစ်တုရင်အတူကစားသည်။ ကျွန်တော်မသွားသောနေရာမှာ တပ်မှူးရုံးခန်းနှင့် ဗဟိုကင်းပဲရှိသည်။ နောက်တစ်နေ့တွင် တပ်ရေးဗိုလ်ကြီးရုံးခန်းသို့သွားရာ စားပွဲပေါ်တွင် စာအုပ်များပုံထားသည်ကိုတွေ့ပြီး ကျွန်တော်နှင့် ဖခင်ဖတ်ရန် စာအုပ် ၁၀ အုပ် ရွေးခိုင်းသည်။ ဝတ္ထုစာအုပ်များလည်း ပါသည်။ မဂ္ဂဇင်းသုံးအုပ်နှင့် သုတပဒေသာ နှစ်အုပ်၊ ဘာသာရေး သုံးအုပ်၊ ဝတ္ထု နှစ်အုပ်ရွေးခဲ့သည်။ တပ်ရေးဗိုလ်ကြီးက ဒီဆယ်အုပ်ကိုဘာလို့ ရွေးတာလဲဟုမေးရာ ကျွန်တော်ဖတ်ဖို့ မဂ္ဂဇင်းနဲ့ သုတပဒေသာ၊ အဖေ့ အတွက် ဘာသာရေး၊ အစ်ကိုအတွက်အစ်မအတွက် ဝတ္ထုဟုရှင်းပြခဲ့ သည်။ မင်းဖတ်ဖို့ ဘာလို့မဂ္ဂဇင်းရွေးတာလဲဟု ဆက်မေးပြန်သည်။ မဂ္ဂဇင်းထဲမှာ ကာတွန်းရော၊ ကဗျာရော၊ ဝတ္ထုရောပါတယ်ဗျ။ သားကပုံဆွဲလည်း ဝါသနာပါတယ်။ စာလည်းအစုံဖတ်ရတယ်ဟု ပြန်ဖြေသည်။ ထိုစဉ်မှစ၍ တပ်ရေးဗိုလ်ကြီးရုံးခန်းမှ မဂ္ဂဇင်းစာအုပ်များကို ဖတ်ချင်သည့် အချိန်တိုင်းဖတ်ခွင့်ရခဲ့သည်။ ထိုစဉ်က စာအုပ်၊ စာစောင် ရှားပါးသောခေတ်ဖြစ်၍ ကျွန်တော့်အတွက် အဖိုးတန်လှသည်။ သို့ဖြင့် မဂ္ဂဇင်းဖတ်ခြင်း အလေ့ထုံခဲ့ရသည်။

လက်ဦးဆရာ မြန်စာဂုဏ် ခင်မောင်ရင်၊ အမရပူရစာပေ လုပ်သားဥက္ကဋ္ဌ ဦးဝင်းကြည်၊ ကဗျာဆရာနီမောင်(အင်းဝ)၊ လှိုင်ခင်အုန်း(အမရပူရ)၊ ဦးကံချွန်၊ ဆရာကြီးလူထုသစ်လွင်တို့ထံက ဗဟုသုတများစွာရယူနိုင်ခဲ့သည်။ သတင်းစာဗဟုသုတကိုမူ အဓိကအားဖြင့် မြန်စာဂုဏ်ခင်မောင်ရင်နှင့် ဗကထွန်းထွန်းလှိုင်၊ ဦးသစ်လွင်တို့ထံမှ ရခဲ့သည်။ ၈၈ တွင် သတင်းရေးခြင်းနှင့် ဓာတ်ပုံလက်တွေ့ဆောင်ရွက်ခွင့် ဗဟုသုတရခဲ့သည်။ ထိုအတွေ့အကြုံများကြောင့် သတင်းစာတိုက်သို့ တာဝန်စတင်ထမ်းဆောင်သည်နှင့် နေ့စဉ်လုပ်ငန်းစဉ်လေ့လာပြီး ချက်ချင်းပုံမှန်လုပ်ကိုင်နေကျသူကဲ့သို့ ဆောင်ရွက်နိုင်ခဲ့သည်။ ငယ်စဉ်ကတည်းက ဖတ်မှတ်လေ့လာခဲ့သမျှ အားလုံးအလုပ်ခွင်တွင် အကျိုးဝင်၊ အသုံးဝင်နေသည် ချည်းသာဖြစ်သည်။ သတင်းသမား၊ သတင်းနယ်ပယ်အတွက် သတိပြုရမည့် အဓိကအချက်မှာ အမြဲလေ့လာမှတ်သားနေမှုပင် ဖြစ်သည်ဟုဆိုရမည် ဖြစ်သည်။

ထိုအထောက်အပံ့တို့ဖြင့် အလယ်တန်းကျောင်းသားဘဝတွင် ကဗျာရေး၊ ကာတွန်းဆွဲခြင်းများ စတင်နိုင်ခဲ့ပြီး ကျောင်းနံရံကပ်စာစောင်၊ ရာပြည့်ကွင်းပြခန်းများနှင့် တပ်မတော်စာစဉ်တို့တွင် စပ်စပ်စပ် ပါဝင်နိုင်ခဲ့သည်။ အထက်တန်းကျောင်းသားဘဝတွင် ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုရေးနည်းများကို ဆည်းပူးနိုင်ခဲ့သည်။ လက်ဦးဆရာ မြန်စာဂုဏ်ခင်မောင်ရင်၊ အမရပူရစာပေလုပ်သားဥက္ကဋ္ဌ ဦးဝင်းကြည်၊ ကဗျာဆရာနီမောင်(အင်းဝ)၊ လှိုင်ခင်အုန်း(အမရပူရ)၊ ဦးကံချွန်၊ ဆရာကြီးလူထုသစ်လွင်တို့ထံက ဗဟုသုတများစွာရယူနိုင်ခဲ့သည်။ သတင်းစာဗဟုသုတကိုမူ အဓိကအားဖြင့် မြန်စာဂုဏ်ခင်မောင်ရင်နှင့် ဗကထွန်းထွန်းလှိုင်၊ ဦးသစ်လွင်တို့ထံမှ ရခဲ့သည်။ ၈၈ တွင် သတင်းရေးခြင်းနှင့် ဓာတ်ပုံလက်တွေ့ဆောင်ရွက်ခွင့် ဗဟုသုတရခဲ့သည်။ ထိုအတွေ့အကြုံများကြောင့် သတင်းစာတိုက်သို့ တာဝန် စတင်ထမ်းဆောင်သည်နှင့် နေ့စဉ်လုပ်ငန်းစဉ်လေ့လာပြီး ချက်ချင်း ပုံမှန်လုပ်ကိုင်နေကျသူကဲ့သို့ ဆောင်ရွက်နိုင်ခဲ့သည်။ ငယ်စဉ်ကတည်းက ဖတ်မှတ်လေ့လာခဲ့သမျှ အားလုံးအလုပ်ခွင်တွင် အကျိုးဝင်၊ အသုံးဝင်နေသည်ချည်းသာဖြစ်သည်။ သတင်းသမား၊ သတင်းနယ်ပယ်အတွက် သတိပြုရမည့် အဓိကအချက်မှာ အမြဲလေ့လာမှတ်သားနေမှုပင် ဖြစ်သည်ဟုဆိုရမည် ဖြစ်သည်။

တက္ကသိုလ်ကျောင်းသားဘဝတွင် ကိုယ်တိုင်ကဗျာစာအုပ်လေးများ စုပေါင်းထုတ်ကြသည်။ ကဗျာစာအုပ်ထုတ်ကြသူချင်းလည်း သိကြသည်။ ထိုခေတ်ကမလွတ်မကင်း နိုင်ငံရေး၊ ငြိစွန်းခေါ်ယူသတိပေးခံရသူထဲတွင်တော့ မပါဝင်ခဲ့။ လူငယ်အဖွဲ့အစည်းက လက်ကမ်းစာစောင်များတွင်လည်း ရေးသားခဲ့သည်။ ထို့နောက်ကိုယ်တိုင်စီစဉ်ထုတ်ဝေခွင့်ရခဲ့ပြန်သည်။ ပေါ်လစီ၊ နည်းစနစ်ကအစ ကိုယ်တိုင်စစ်ဆေး ကိုယ်တိုင်တာဝန်ယူပေးခဲ့ရသည်။ သရုပ်ဖော်ပုံအချို့လည်း ပါဝင်ရေးဆွဲပေးနိုင်ခဲ့သည်။ မဂ္ဂဇင်းတွင်လည်း နိုင်ရာတာဝန်ကိုအရောက်ယူပေးခဲ့ရသည်။ ၈၈ မတိုင်ခင်ကတည်းက အလုပ်လုပ်ရင်းကျောင်းတက်ခြင်းဖြစ်သဖြင့် စာကိုအပြည့်အဝ အာရုံမစိုက်နိုင်သောကြောင့် စာမေးပွဲမှာ ကျတလှည့်၊ အောင်တစ်လှည့်၊ မဖြေတစ်လှည့်ဖြင့် ကျောင်းသက်ရှည်ခဲ့ရပြန်သည်။ နေ့ကျောင်းသားဘဝကိုသာ ဖက်တွယ်ထားပြီး ညကျောင်းစသည်တို့ကို မပြောင်းသဖြင့် ကျောင်းသက်ရှည်ခြင်းဖြစ်ခဲ့သည်။ တက္ကသိုလ်ကျောင်းတက်နေရင်း စက်ရုံတည်ဆောက်ရေး(M.D.D.P)၊ စက်ပြင်၊ ကျောင်းဆရာ၊ မန္တလေးမြို့ပြဖွံ့ဖြိုးမှုစီမံကိန်း(M.C.D.P)၊ သာသနာ့တက္ကသိုလ်နှင့် တပ်မတော်ကုန်တိုက်ဆောက်လုပ်ရေး၊ ရေပေးရေးစီမံကိန်း(ပြင်ပအင်ဂျင်နီယာ)တို့ လုပ်ခဲ့သည်။ ကျောင်းပြီးသည့်နောက်တွင် ကျောက်မျက်လုပ်ငန်း၊ ကုန်စည်ပို့ဆောင်ရေး၊ ငါးမွေးမြူရေးနှင့်စိုက်ပျိုးရေး၊ ပရိဘောဂနှင့် ဆောင်လုပ်ရေးလုပ်ငန်းတို့ကို မိသားစုလုပ်ငန်းအဖြစ်လုပ်ကိုင်ခဲ့သည်။ နိုင်ငံခြားကုမ္ပဏီတွင်လည်း နိုင်ငံတော်အစိုးရက ပိတ်သိမ်းခြင်းမတိုင်မီ လုပ်ကိုင်ခဲ့ရသဖြင့် ဗဟုသုတများစွာ ရခဲ့သည်။ သို့သော်ကျောင်းပြီးသည်မှ သတင်းစာတိုက်မရောက်မီ စပ်ကြားတွင် စာပေလှုပ်ရှားမှု နည်းပါးကင်းကွာခဲ့ရသည်။

သတင်းစာတိုက်သို့ အလုပ်ဝင်ရာတွင် မိမိလေ့လာမှတ်သားခဲ့သော စာရေးခြင်းအတတ်ပညာ၊ စာစစ်ခြင်း၊ သတင်းစာပညာတို့သည် တိုက်ရိုက်အသုံးတည့် အဆင်ပြေခဲ့သည်။ ဆက်၍ ဆရာဦးခင်မောင်ကြီး၏ သုံးလတာ စာတွေ့၊ လက်တွေ့သင်ကြားပေးမှုနှင့် ဆရာကြီးနတ်မောက်ထွန်းရှိန်၏ အနီးကပ်သင်ပြပေးမှုတို့ကလည်း အလုပ်ခွင်တွင် ရဲရင့်ရှင်းလင်းစွာလုပ်ကိုင်နိုင်သော စွမ်းအားကိုပေးခဲ့သည်။ မိမိလုပ်ကိုင်ခဲ့သော လုပ်ငန်းခွင်မှ အတွေ့အကြုံများနှင့် ဒေသန္တရဗဟုသုတများကလည်း သတင်းနှင့် ဆောင်းပါးများ စစ်ဆေးရာတွင် အသုံးတည့်လှသည်ကို တွေ့ရသည်။

သတင်းစာတိုက်သို့ အလုပ်ဝင်ရာတွင် မိမိလေ့လာမှတ်သားခဲ့သော စာရေးခြင်းအတတ်ပညာ၊ စာစစ်ခြင်း၊ သတင်းစာပညာတို့သည် တိုက်ရိုက် အသုံးတည့်အဆင်ပြေခဲ့သည်။ ဆက်၍ ဆရာဦးခင်မောင်ကြီး၏ သုံးလတာ စာတွေ့၊ လက်တွေ့ သင်ကြားပေးမှုနှင့် ဆရာကြီးနတ်မောက်ထွန်းရှိန်၏ အနီးကပ်သင်ပြပေးမှုတို့ကလည်း အလုပ်ခွင်တွင် ရဲရင့်ရှင်းလင်းစွာလုပ်ကိုင်နိုင်သော စွမ်းအားကို ပေးခဲ့သည်။ မိမိလုပ်ကိုင်ခဲ့သော လုပ်ငန်းခွင်မှ အတွေ့အကြုံများနှင့် ဒေသန္တရဗဟုသုတများကလည်း သတင်းနှင့်ဆောင်းပါးများ စစ်ဆေးရာတွင် အသုံးတည့်လှသည်ကို တွေ့ရသည်။

စာပေရေးသားခြင်းဆိုင်ရာ အတတ်ပညာ၊ စာပေဗဟုသုတ၊ ဒေသန္တရဗဟုသုတ၊ လုပ်ငန်းအတွေ့အကြုံတို့သည်လည်းကောင်း၊ သတင်းအတတ်ပညာ၊ အသိပညာတို့သည်လည်းကောင်း၊ သတင်းစာနယ်ပယ်တွင် အရေးပါလှသည်မှန်သော်လည်း ခေတ်သစ်သတင်းနည်းပညာများကို မျက်ခြည်ပြတ်၍မရ၊ အမြဲတစေသင်ယူလေ့လာနေရမည်ဖြစ်သည်။ သတင်းစာတိုက်ထဲတွင်သာနေ၍ အလုပ်ကိုသာဖိလုပ်နေခြင်းသည်လည်း မိမိတို့၏သတင်းစာကို ခေတ်ဟောင်းအငွေ့အသက်အတွင်းသာ ပိတ်မိနေတတ်သည်။ မျက်စိကို ဖွင့်ထားရမည်၊ နားကိုစွင့်ထားရပေမည်။ အရေးကြီးသောသတင်းများ၊ ရင်းမြစ်များထံ ကိုယ်တိုင်သွားရောက်လေ့လာနေရမည် ဖြစ်သည်။ သတင်းဆိုင်ရာပွဲများ၊ ရှင်းလင်းပွဲများ၊ ဆွေးနွေးညှိနှိုင်းမှုများ၊ ဖိုရမ်များ၊ နိုင်ငံတော်က ရည်ရွယ်ချက်ရှိရှိ ကျင်းပသော အခမ်းအနားများကိုလည်း စဉ်ဆက်ပြတ်၍မရ။ သတင်းသမားအချင်းချင်း၊ သတင်းစာတိုက်ချင်း၊ နိုင်ငံတကာသတင်းတို့နှင့်လည်း မကင်းကွာစေဘဲ အမြဲတစေ ထိတွေ့သုံးသပ်နေမှသာ သတင်းသမားကောင်းတစ်ဦးဖြစ်လာမည်ဟု ဆိုချင်ပါတော့သည်။

နိုင်ဗလ

# ငလျင်ဒဏ်ကြောင့် ပျက်စီးမှုရှိခဲ့သော မဟာမုနိရုပ်ရှင်တော်(ဘုရားကြီး)တွင် ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မန္တလေး ဧပြီ ၂**

ငလျင်ဒဏ်ကြောင့် ပျက်စီးမှုရှိခဲ့သော မဟာမုနိရုပ်ရှင်တော်(ဘုရားကြီး)တွင် မန္တလေးမြို့တော်စည်ပင်သာယာကော်မတီ၊ တပ်မတော်သားများ၊ ဇေယျဝတီဖောင်ဒေးရှင်းနှင့် ကြံ့နှစ်ကောင်ကုမ္ပဏီတို့မှ စက်ယန္တရားနှင့် လူအင်အားများအသုံးပြု၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းလျက်ရှိသည်။

"မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ အခွန်ဌာနမှ အင်အားနဲ့ တပ်မတော်သားတွေက အတွင်းထဲမှာ ရှင်းလင်းရေးတွေဆောင်ရွက်နေပြီး ဇေယျဝတီဖောင်ဒေးရှင်းနဲ့ ကြံ့နှစ်ကောင်ကုမ္ပဏီက အပြင်ဘက်ပိုင်းမှာ လုပ်ကြတယ်။ အတွင်းပိုင်းမှာတော့ လူအင်အားအသုံးပြုကာ ဆောင်ရွက်နေကြပြီး အပြင်မှာ စက်အင်အားအသုံးပြုနေပါတယ်" ဟု မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူက ပြောသည်။ **(အပေါ်ယာပုံ)**





ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများကို ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ အင်အား ၅၀၊ အခွန်မှ အင်အား ၁၀ ဦး၊ တပ်မတော်သား အင်အား ၂၅၀ ဦးနှင့် ဇေယျဝတီဖောင်ဒေးရှင်းနှင့် ကြံ့နှစ်ကောင်ကုမ္ပဏီတို့က ပြိုကျပျက်စီးနေသော အပျက်အစီးများကို စက်ယန္တရားနှင့် လူအင်အား အသုံးပြုဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဇ)**

# အခြေခံမြန်မာ့သိုင်း လက်ရေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**မိတ္ထီလာ ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် အခြေခံမြန်မာ့သိုင်း လက်ရေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့က ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြန်မာ့သိုင်းဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသောင်းရွှေက သိုင်းပြိုင်ပွဲ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ၎င်းနောက် သိုင်းပြိုင်ပွဲကို အမျိုးသား၊ အမျိုးသမီး သိုင်းပြိုင်ပွဲအဖြစ် ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်များက ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသည့်ပြိုင်ပွဲဝင်များအား ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးနိုင်နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

နွေရာသီကျောင်းပိတ်ချိန် အားလပ်ရက်များတွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ မိမိတို့ဝါသနာပါသည့် အားကစားနည်းတစ်ခုခုကို လေ့လာသင်ယူနိုင်စေရန်နှင့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်၊ လူရွယ်များ ဖြစ်လာစေရန်အတွက် လူငယ်ဖွံ့ဖြိုးရေးသင်တန်းများဖြစ်သည့် မြန်မာ့ရိုးရာ သိုင်းသင်တန်း၊ မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်း သင်တန်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ မတ် ၁ရက်မှ ၃၁ရက်အထိ အခမဲ့ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၄၆၉)**





# မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၂၆)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဧပြီ ၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း၏ (၂၆)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို တန်ခူးလဆန်း ၁ ရက် နံနက် ၅ နာရီခွဲက သီပွဲလမ်းနှင့် ၆၈ လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်၊ လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေအပါး ၃၅၀ကျော်တို့အား ဆွမ်း၊ ဝက်သားဟင်း၊ အာလူးခရမ်းသီးနှပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် ငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး သင်္ကန်းဒွိစုံ ခြောက်စုံနှင့် ငွေကျပ် ၆၀၀၀၀ တို့ကို စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်းအသင်းတည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော် (ပီတိသုခ မိသားစု)၊ ကိုမျိုးဝင်း+မအိအိချော (ကောင်းထက်မဟာ မိသားစု)၊ ကာဗာတိုင်းပြည် မိသားစု၊ ဦးရုံးရွှေ+ဒေါ်မိုးသန္တာအောင်(ရွှေသစ်ပင်ဟိုတယ် မိသားစု)၊ ဦးအောင်သန်းလှိုင်+ဒေါ်နန်းနီနီဝင်း မိသားစု၊ ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်း မိသားစု၊ ရပ်ကွက်နေပြည်သူများနှင့် ဘုံဆွမ်းလောင်းအသင်းဝင်များက လောင်းလှူခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၄၀)**

# ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့်အဆောက်အအုံများအား ဆက်လက်ရှင်းလင်း

**ကျောက်ဆည် ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့်အဆောက်အအုံများအား ဧပြီ ၁ ရက် နံနက်ပိုင်းက ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် ကျောက်ဆည်ခရိုင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးများ သန္နတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ ပူးပေါင်း၍ အန္တရာယ်ရှိအဆောက်အအုံများအတွင်းမှ ပစ္စည်းများ ပြောင်းရွှေ့ပေးခြင်းနှင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်တွင် ငလျင်လှုပ်ခတ်မှုကြောင့် မတ် ၃၁ ရက် ညနေ ၄နာရီအထိ ငလျင်ဒဏ်သင့် အိမ်ထောင်စု ၅၇၃၉၈ စုမှ လူဦးရေ ၂၅၁၂၂၃ ဦး၊ သေဆုံးဦးရေ ၁၁၆ ဦး၊ သေဆုံးတိရစ္ဆာန် ၂၀၀၀ကောင်၊ လူနေအိမ် ၂၃၅၆ အိမ်၊ အခြေခံပညာကျောင်းနှင့် အဆင့်မြင့်ကျောင်း၊ အဆင့်မြင့်တက္ကသိုလ် ၉၇ခု၊ ဘုန်းတော်ကြီးကျောင်း၊ ဗလီ၊ ခရစ်ယာန်အဆောက်အအုံ ၁၈၅ခု၊ စေတီ၊ သိမ်၊ မုခ်ဦး၊ ဓမ္မာရုံစသည့် သာသနိကအဆောက်အအုံ ၄၃၉ခု၊ ဆေးခန်းတစ်ခန်း၊ ကျန်းမာရေးဌာန ကိုးခု၊ ဌာနဆိုင်ရာရုံး၊ ဈေး၊ ရေစက်ရုံ၊ ရေစင်၊ လူနေအိမ်၊ အုတ်တံတိုင်းစသည့် အခြားအဆောက်အအုံ ၃၅၆ခု ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(၄၈၅)**

# နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ် နေ့ရက်များတွင် နိုင်ငံတော်အလံတိုင်ဝက်လျှော့ချ လွှင့်ထူအလေးပြု

**အောင်လံ ဧပြီ ၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ မတ် ၂၈ရက် မြန်မာစံတော်ချိန် ၁၂နာရီ ၅၁မိနစ် ၀၂စက္ကန့်တွင် ပြင်းအား ၇ ဒသမ ၇ ရစ်ချ်တာစကေးရှိ အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားလျက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့ရက်အဖြစ် ဧပြီ ၁ရက် မွန်းလွဲပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ အောင်လံမြို့ပေါ်ရှိ ခရီးသွား



ပြည်သူများက တစ်မိနစ်ငြိမ်သက်စွာရပ်တန့်၍ ဦးညွှတ်ဂါရဝပြုခဲ့ခြင်း၊ သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာအလိုက် ဘုရား၊ စေတီများ၊ ဘုရားကျောင်းများ၌ ဝတ်ပြုဆုတောင်းမေတ္တာပို့သခြင်း၊ အန္တရာယ်ကင်းပရိတ်များ၊ ဆုတောင်းစာများ ရွတ်ဆိုခြင်းနှင့် အမျှအတန်းပေးဝေခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ဓဲပုံ)**

**အာကာ(ပြန်/ဆက်)**

သစ်တော
သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မထွက်ခိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရက ဦးဆောင်ရမည်မှန်ပေသော်လည်း ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အားကောင်းမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး ကျင်းပပြုလုပ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၂

အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနန၌ ကျင်းပပြုလုပ်ရာ အမျိုးသား သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဝင် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး

စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## စပိန်ဘုရင့်ဖလား ဗိုလ်လုပွဲအဆင့်တွင် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ တွေ့ဆုံ

၂၀၂၄-၂၀၂၅ စပိန်ဘုရင့်ဖလား ဆီမီးဖိုင်နယ်ပွဲစဉ်များအား ယနေ့ ယှဉ်ပြိုင်ကစားအပြီးတွင်




ဗိုလ်လုပွဲအဆင့်ပွဲစဉ်ထွက်ပေါ်လာခဲ့ပြီး ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ဘာစီလိုနာအသင်းသည် စပိန်ဘုရင့်ဖလား ဆီမီးဖိုင်နယ် အဆင့်တွင် အက်သလက်တီကို မက်ဒရစ်အသင်းအား နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး၊ လေးဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး ရီးရဲလ်မက်ဒရစ်အသင်းသည်လည်း ဆိုစီဒက်အသင်းအား နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး၊ လေးဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၄-၂၀၂၅ စပိန်ဘုရင့်ဖလားဗိုလ်လုပွဲစဉ်အဖြစ် လာမည့် ဧပြီ ၂၇ရက်တွင် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

(NGB)

၀-၀-၀-၀

## အချိန်အခါမဟုတ် မိုးရွာနိုင်မည့်သတိပေးချက်

နေပြည်တော် ဧပြီ ၂

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီး ရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဧပြီ ၅ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် ဧပြီ ၆ ရက်မှ ၁၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။ မိုး/ဇလ